
mgyoe.com

# သင့်ကလေးကို ကျောင်းထားဖို့ ပြင်ဆင်ပြီးပြီလား

# A PARENTS GUIDE TO PREPARING YOUR CHILD FOR SCHOOL

ANITHA VASANTH BENNETT

ဖြိုးသာရ ပြန်ဆိုသည်



mgyoe.com

mgwoe.com



နိုင်ငံတကာ၏ မျက်မှောက်ပညာရေးအခြေအနေကို
ထင်ဟပ်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့်
ဖြည့်စွက်ဆွေးနွေးလမ်းညွှန်မှုများ ပါဝင်သော
ကလေးငယ်များအတွက်
အခြေခံ ကျောင်းဝင်ပြင်ဆင်ထားစရာများ

**မိဘလက်စွဲ**

mgwoe.com

pty0015
1,500.00 KS

သင်္ကာလေးကို ကျော်ခင်ထော ရှုမြင်ဆင်ပြီးပြီလား

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၄၀၁၃၄၃၁၂၀၇ နှင့်

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၄၀၀၉၉၁၀၉၀၈ တို့ဖြင့်

**မျက်နှာဖုံးပန်းချီ Ba Htay Kyi ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ နိုဝင်ဘာလတွင် တန်ဖိုး ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။**

စာအုပ်ချစ် ကိုမြင့်

mgyoe.com
mgyoe.com

mgyoe.com

# သင့်ကလေး ကျောင်းစတက်မည့်နှစ်အတွက် အဆင်သင့်ဖြစ်နေပြီလား

ဤစာအုပ်သည် ဉာဏ်ရည်အမျိုးမျိုးရှိသော ကလေးများအားလုံးအတွက် ပညာပေးလမ်းညွှန်တစ်ခုဖြစ်ပါသည်။ ကျောင်းမနေမီအရွယ်နှင့် ကျောင်းနေရွယ်တို့အကြား ကွက်လပ်ကို သင့်ကလေး ဖြတ်သန်းရန် အကူအညီပေးပါလိမ့်မည်။ မူကြိုကျောင်းအတွေ့အကြုံမရှိပါဘဲ ပထမဦးဆုံးအကြိမ် ကျောင်းပရိဝုဏ်အတွင်း ဝင်လာမည့် ကျောင်းသူကျောင်းသားကလေးများအတွက် ပေါင်းကူးတံတားတစ်စင်းကဲ့သို့ ကူညီပါလိမ့်မည်။ သူတို့လေးတွေ၏ ပထမဆုံးကျောင်းအတွေ့အကြုံသည် စိုးရိမ်ပူပန်မှုရှိနေခြင်းအစား ပျော်ရွှင်လန်းဆန်းမှုရှိနေရန် လိုအပ်သည့်အကြောင်း ဤစာအုပ်ကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါလိမ့်မည်။

ဤစာအုပ်သည် သင့်ကို သတင်းအချက်အလက်များစွာ ကူညီဖြည့်တင်းပေးပါလိမ့်မည်။ ယင်းတို့မှာ

(၁) ကျောင်း စမတက်ခင် သင့်ကလေး၌ စိတ်ဓာတ်နှင့် ကိုယ် ကာယစွမ်းအားများကို လိုအပ်ကြောင်း။

(၂) ကျောင်းစာသင်ခန်း၌ သင်ယူရခြင်းအပေါ် မည်သို့မည်ပုံ ချဉ်းကပ်သင့်ကြောင်း။

(၃) အိမ်၌ သင့်ကလေးကို ဖတ်တတ်၊ ရေးတတ်၊ ကိန်းဂဏန်းများ ကျွမ်းကျင်တတ်မြောက်လာရန် ကူညီပေးရမည်ဖြစ်ကြောင်း။

(၄) သင့်ကလေး စာသင်ယူခြင်းအပေါ် စိတ်ဝင်စားလာစေရန် ကစားနည်းများနှင့် လှုပ်ရှားမှုများအားဖြင့် လှုံ့ဆော်ရမည်ဖြစ်ကြောင်းနှင့်

(၅) မိဘများအတွက် အသုံးဝင်သော သတင်းအချက်အလက်များနှင့် ကြံရည်ဖန်ရည်များ စသည်တို့ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com




Editor. Mrs. Anitha Vasanth Bennett

Taruna Deepak Dhingra
MCA

Karuna Ahuja
MBA
MANAGEMENT CONSULTANT

mgyoe.com

mgyoe.com

## ဤစာအုပ်ကို ရေးသူများ

ဤစာအုပ်ကို အမျိုးသမီးနှစ်ဦး ပေါင်းစည်းရေးသားပြုစုထားခြင်း ဖြစ်သည်။ ထိုအမျိုးသမီးနှစ်ဦးစလုံးသည် မိဘများ၊ ဆရာများနှင့် အထိအတွေ့ရှိပြီး ကလေးများအတွက် လက်တွေ့ကျကျရေးသားထားသော စာအုပ်များ ထွက်ရှိထုတ်ဝေပြီးသော စာရေးဆရာမများဖြစ်ပါသည်။

Ms. Taruna Deeprk Dhingra မစ်(စ်)တာရုနာအာဟူဂျာသည် အိန္ဒိယနိုင်ငံ လတ်ဟောင်းမြို့မှ စိန့်မေရီကွန်ဗင့်ကျောင်းသူဟောင်းတစ်ဦး ဖြစ်သည်။ သူမသည် MCA ဖြင့် အထူးဘွဲ့ရကာ အိန္ဒိယနိုင်ငံ ကာကွယ်ရေး (လေ) တွင် ဆော့ဖ်ဝဲအင်ဂျင်နီယာအဖြစ် အလုပ်လုပ်နေသူဖြစ်သည်။ သူမသည် လျှပ်စစ်ပညာဖြင့် ဒီပလိုမာရထားပြီး စာအုပ်အမျိုးမျိုးရေးသားရာ၌ ထူးချွန်သူဖြစ်သည်။ သူမ ရေးသားခဲ့သော ကလေးပုံပြင်စာအုပ်များသည် အတွေ့အကြုံကို အခြေခံထားသဖြင့် ကလေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ကူညီပေးသည်။

Ms.Karuna Ahuja မစ်(စ်)ကာရူနာအာဟူဂျာသည် အိန္ဒိယနိုင်ငံ လတ်ဟောင်းမြို့ရှိ လော်ရီတိုကောလိပ်မှ ကျောင်းသူဟောင်းဖြစ်သည်။ ထိုကျောင်းမှာ တိုမြို့၌ ရှေးအကျဆုံး မိန်းကလေးသီးသန့်ကျောင်း ဖြစ်၏။ သူမသည် အင်ဒရာပရာရှားတက္ကသိုလ်မှ MBA ဘွဲ့ရခဲ့သည်။ သူမက လေ့ကျင့်ရေးနည်းပြဆရာမတစ်ဦးဖြစ်ပြီး မိဘနှင့် ကျောင်းသားများကို ကိုယ်စားပြုသည်။ သူမသည် နှီးနှောဖလှယ်ပွဲများစွာ တက်ရောက်ခဲ့ပြီး ပညာရေးအဖွဲ့အစည်းအကျိုးအတွက် ဆောင်ရွက်လျက်ရှိသည်။

❑

mgyoe.com

mgyoe.com

# ဘာသာပြန်ဆိုသူ၏ အမှာ

ဤစာအုပ်ပါ အချက်အလက်များသည် မြန်မာနိုင်ငံ၏ ပညာရေးစနစ်နှင့် အနည်းငယ်မျှ ကွဲပြားခြားနားမှုရှိမည်ဖြစ်သောကြောင့် တိုက်ရိုက်ပြန်ဆိုပေးခြင်းနှင့် မြန်မာမိဘ၊ ကျောင်းသားတို့နှင့် ကိုက်ညီမည့် အခြေအနေ အကြောင်းအချက်များအား ဖြည့်စွက်ရေးသားပေးထားပါသည်။

ယနေ့ ကလေးငယ်များအတွက် အင်္ဂလိပ်စာသည် အထူးအရေးပါသော ဘာသာရပ်ဖြစ်သဖြင့် ဤစာအုပ်ပါ သင်ခန်းစာလေ့လာစရာ ခေါင်းစဉ်များသည် မြန်မာမိဘများအတွက် အလွန်အရေးပါအကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

အခေါ်အဝေါ်ကွဲပြားခြင်းနှင့် နည်းစနစ်ခြားနားခြင်းကလွဲလျှင် အားလုံးမှာ မိဘတိုင်းသိထားသင့်သော အခြေခံလိုအပ်ချက်များ ဖြစ်ပါသည်။ လေ့လာကြည့်ကြပါ။

*ဖြိုးသာရ*

❑

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မိတ်ဆက်နိဒါန်း | က |
| ၁။ | ကျောင်းဝင်ခွင့် ရရှိရေး | ၁ |
| ၂။ | စိတ်ပညာရှင်၏ ပြောကြားချက် | ၄ |
| ၃။ | တော်ဝင်ပညာရှင်များ၏ ပြောကြားချက် | ၆ |
| ၄။ | ကျောင်းကြီးမနေမီ မဖြစ်မနေ ထားရမည့် ကစားကျောင်း | ၉ |
| ၅။ | ယနေ့ ပညာရေး | ၁၃ |
| ၆။ | ကျောင်းကောင်းတစ်ခု၏ အစိတ်အပိုင်းများ | ၁၈ |
| ၇။ | ပုဂ္ဂလိက ကျောင်းများ၏သင်ရိုး | ၂၃ |
| ၈။ | ကလေး၏စိတ်သဘောကို နားလည်ခြင်း | ၂၅ |
| ၉။ | မိမိကိုယ်မိမိ ယုံကြည်မှုဖွံ့ဖြိုးတိုးတက်ရေး | ၂၉ |
| ၁၀။ | အကောင်းမြင်သဘောထားနှင့် ဒဏ်ခံနိုင်မှု | ၃၀ |
| ၁၁။ | လူမှုရေးကျွမ်းကျင်မှု | ၃၃ |
| ၁၂။ | နှုတ်ထွက်ဘာသာစကား | ၃၇ |
| ၁၃။ | ပြောပုံဆိုပုံ ချွတ်ယွင်းချက်များ | ၄၂ |
| ၁၄။ | ဘာသာစကားနှစ်မျိုးတတ်ခြင်း | ၄၃ |
| ၁၅။ | စာဖတ်ခြင်း | ၄၅ |
| ၁၆။ | စာရေးခြင်းအတတ်ပညာကျွမ်းကျင်မှု | ၄၉ |
| ၁၇။ | ဗျည်းအက္ခရာများ | ၅၂ |
| ၁၈။ | စကားလုံးများ | ၅၅ |


mgyoe.com

mgyoe.com
၁၉။ ဂဏန်းသင်္ချာများ ၅၇
၂၀။ သင်ယူနည်းပုံစံများ ၆၀
၂၁။ ယောက်ျားမိန်းမအစွဲများ ၆၃
၂၂။ အထွေထွေဖွံ့ဖြိုးတိုးတက်မှု စုစုပေါင်း ၆၅
၂၃။ ကောင်းမွန်သော အထွေထွေညှိနှိုင်းဆောင်ရွက်မှု ၆၉
၂၄။ ကလေးကစားနည်း ၇၄
၂၅။ မူကြိုကလေးများ၏ အခက်အခဲများ ၇၉
၂၆။ မူကြိုကလေးဘဝ အခက်အခဲကို မိဘများမည်သို့ကိုင်တွယ်ကြမည်နည်း ၈၀
၂၇။ ကွန်ပျူတာများ ၈၂
၂၈။ ကျောင်း၏ ဟိုမှာဘက်တွင် ၈၄
၂၉။ ဒါတွေ ကလေးသိလာလိမ့်မည် ၈၆
၃၀။ စည်းကမ်း ၈၇
၃၁။ အရောင်နှင့် ပုံသဏ္ဍာန်များ ၈၉
၃၂။ နောက်ဆုံးလူတွေ့စစ်ဆေးခြင်းအတွက် အကြံပြုချက်များ ၉၂
၃၃။ ကျောင်းအင်တာဗျူးအတွက် အကြံပြုချက်များ ၉၆
၃၄။ စာရေးသူလေ့လာခဲ့သော ကျောင်းတစ်ကျောင်း၏ အင်တာဗျူး ၁၀၀
၃၅။ ဝေါဟာရနှင့် ဗဟုသုတ အခြေခံများ ၁၀၄
၃၆။ လှုပ်ရှားမှုကြိယာများ ၁၀၅
၃၇။ ကလေးကဗျာများ ၁၀၇
၃၈။ အရောင်များ ၁၁၃
၃၉။ ငှက်များ ၁၁၄
၄၀။ တိရစ္ဆာန်များ ၁၁၅
၄၁။ ပုံသဏ္ဍာန်များ ၁၁၇
၄၂။ ဂဏန်းများနှင့် ရေတွက်ခြင်း ၁၁၈
၄၃။ အသီးနှင့်အနံ့များ ၁၁၉
၄၄။ လူကိုယ်ခန္ဓာ ၁၂၁
၄၅။ ယာဉ်များ ၁၂၃
၄၆။ အိမ်အသုံးအဆောင်များ ၁၂၄
mgyoe.com

mgyoe.com


၄၇။ ယဉ်ကျေးသော အပြုအမူများ ၁၂၅

၄၈။ ကလေးစာရေးရာတွင် ကူညီရန် လေ့ကျင့်မှုများ ၁၂၆

၄၉။ အက္ခရာနှင့် ဂဏန်းမှတ်သားနည်းများ ၁၂၈

၅၀။ မူကြိုနှင့် သူငယ်တန်းကလေးများအတွက် ပုံပြင်စာအုပ်လမ်းညွှန် ၁၂၉

၅၁။ မေးခွန်းနှင့် အဖြေကဏ္ဍ ၁၃၁

၅၂။ ကလေးတို့အတွက်ပညာရေး ၁၃၅

၅၃။ ဆရာနှင့်ကျောင်း လူ့အဖွဲ့အစည်း ၁၃၆

၅၄။ ကျောင်းသားနှင့်ကျောင်း လူ့အဖွဲ့အစည်း ၁၃၇


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိတ်ဆက်နိဒါန်း

ယနေ့ အပြိုင်အဆိုင်စိန်ခေါ်နေသော ပညာခေတ်ကြီးတွင် မိဘတိုင်းသည် မိမိတို့၏ ရင်သွေးများအတွက် အကောင်းဆုံးကျောင်းများ၊ အကောင်းဆုံးပညာရေးတို့ကို လိုလားကြပေသည်။ ဤအတွက် ကြံစည်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို မဖြစ်မနေ လုပ်ကြရပေသည်။ ယနေ့ကမ္ဘာကြီးအတွင်း ပြင်ဆင်မှုတစ်စုံတစ်ရာ မရှိပါဘဲ ဝင်ရောက်လာမည်ဆိုပါက မိဘများရော၊ ကလေးများပါ ကြီးမားသောအခက်အခဲများနှင့် ကြုံတွေ့ရမည်ဖြစ်ပေသည်။

သို့သော် အနည်းငယ်မျှသော အတွေးစိတ်ကူး၊ အကြံအစည်နှင့် အခြေခံကျသော အလုပ်တို့အားဖြင့် မိဘများနှင့် ကလေးများအတွက် လွယ် ကူချောမွေ့သော အတွေ့အကြုံများကို ရရှိလာနိုင်ပါသည်။ ဤစာအုပ်က ဤကွက်လပ်ကို ကောင်းစွာဖြည့်ပေးပါမည်။ ဤစာအုပ်ပါ ခေါင်းစဉ်အားလုံးတို့သည် ကလေးများအတွက် ပွဲမဝင်မီ အပြင်က ကျင်းပ ပေးသကဲ့သို့ ဖြစ်ပါသည်။ အခန်းကဏ္ဍများနှင့် တွေ့ဆုံဆွေးနွေးခန်းတို့သည် ပတ်ဝန်း ကျင်သစ်ကိုကျင့်သားရရန်နှင့် နိုင်နင်းစွာထိတွေ့ရန် ကူညီအားဖြည့်ပေးသည့် အကြံပြုချက် များဖြစ်ပါသည်။

ဤစာအုပ်ကား ကလေးများ၏ တတ်မြောက်ကျွမ်းကျင်နိုင်မှု စွမ်းပကားကို အသိ အမှတ်ပြုရန်နှင့် မိမိကလေးများအား ယုံကြည်မှုရှိအောင် စိတ်ဓာတ်မြှင့်တင်ပေးရန်အတွက် အကောင်းဆုံးသော အထောက်အပံ့များအဖြစ် မိဘများအတွက် ဆင့်ကမ်းပေးလိုက်သည့် လက်ဆောင်ကောင်းတစ်ခု ဖြစ်ပါသည်။

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com

# ကျောင်းဝင်ခွင့်ရရှိရေး

မိဘများအတွက် ကလေးအသက် တစ်နှစ်လောက်တွင် စိတ်သောက စ၍ရောက်ကြရသည်။ မိမိတို့ရင်သွေးငယ်အား မည်သို့သော ကစားကျောင်း (လူကြီးများ ကြီးကြပ်မှုအောက်တွင် ကျောင်းနေရန် အရွယ်မရောက်သေးသော ကလေးများ စုပေါင်းကစားရသော ကစားကျောင်း)တွင် အပ်နှံလျှင် သင့်တော်မည်နည်းဟူသည်ကို စတင်ရှာဖွေကြရသည်။ နောက်တစ်ကြိမ်တွင်မူ သူငယ်တန်းစတက်ရန်အတွက် အစိုးရကျောင်းတစ်ခုတွင် ဝင်ခွင့်နေရာရရှိရေး စိတ်ချရအောင် ဒုက္ခသောကရောက်ကြရပြန်သည်။

ကျောင်းအသီးသီး၌ သီးသန့်နေ့များ၊ သီးခြားရက်စွဲများ သတ်မှတ်ထားတတ်ရာ




mgyoe.com

 mgyoe.com 

ထိုနေ့ရက်တွင် ဝင်ခွင့်လျှောက်လွှာကို သွားယူကြရသည်။ မိဘတို့သည် ထိုလျှောက်လွှာ ရရှိရေးအတွက် မိမိတို့အလုပ်မှ ခွင့်ရက်ယူကာ အချိန်ပေးတန်းစီကြရသည်။

လျှောက်လွှာကို ဖြည့်ပြီးသောအခါ နောက်တစ်ဆင့်အနေဖြင့် တွေ့ဆုံဆွေးနွေးရန် အကြောင်းကြားစာရောက်လာမည့် မိမိအလှည့်ကို စောင့်ကြရပြန်သည်။ မိဘများသည် တွေ့ဆုံဆွေးနွေးချိန်၌ ကောင်းစွာသရုပ်ဆောင်နိုင်ရန် မိမိ၏ကလေးများအား အကြိုးအကျယ်နည်းပြသင်ကြားလေသည်။ ကလေးတို့သည် ထိုသို့ရုတ်တရက် ဖိစီးလာမှုအပေါ် ခံနိုင်ရည်မရှိကြပေ။ အဆုံး၌ အလွန်စိတ်တိုကြသည်။

တွေ့ဆုံဆွေးနွေးသည့်နေ့သို့ ရောက်သောအခါ ကလေး၏ခေါင်းထဲ၌ မိဘတို့ နောက်ဆုံးမိနစ်ပိုင်းအထိ ညွှန်ကြားချက်ပေးနေသမျှတို့နှင့် ပြည့်ကျပ်နေပေသည်။ သို့ဖြင့် ကလေးသည် သူနှင့်မျက်နှာစိမ်းသော လူကြီးတစ်စုကို မျက်နှာချင်းဆိုင်လျက် မေးခွန်းများ စမေးခံရတော့သည်။ ကလေးသည် ထိုဖိအားပေးမှုကို တောင့်မခံနိုင်ဘဲ သူ့မိဘများအား တင်းမာသောအကြည့်ဖြင့်ကြည့်ပြီး သူ့ပါးစပ်ကို ပိတ်ထားတတ်လေသည်။

အဖြေထွက်လာသည့်အချိန်ကို မိဘများက အလွန်စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေကြရလေသည်။ အကယ်၍ ကလေးက တွေ့ဆုံမေးမြန်းမှုကို ကောင်းစွာဖြတ်သန်းဖြေဆိုနိုင်ခဲ့ပြီး ဝင်ခွင့်နေရာတစ်နေရာ ရရှိခဲ့သည်ဆိုပါက မိဘများစိတ်တွင် စိုးရိမ်ကြောင့်ကြမှုနေရာ၌ ဂုဏ်ယူဝင့်ကြွားမှုများ အစားထိုးဝင်ရောက်လာလေသည်။

အကယ်၍ ငြင်းပယ်သောအဖြေလွှာထွက်လာပါက မိဘများအဖို့ ကမ္ဘာပျက်သလို ဖြစ်သွားကြလေသည်။ ကလေးအား ကောင်းကောင်းဖြေ မလာရကောင်းလားဟူ၍လည်း အပြစ်တင်ကြလေသည်။ မိမိတို့ကိုယ်တိုင်လည်း ကလေး သဘောပေါက်အောင် မသွန်သင်နိုင်ခဲ့ခြင်းအတွက် ယူကြုံးမရဖြစ်ကြရပါသည်။

ထိုဖြစ်စဉ်များသည် မိဘတိုင်း ရင်ဆိုင်ရသော ကျောင်းဝင်ခွင့်ရရှိရေး ကြိုးပမ်းမှု၏ အနှစ်ချုပ်ဖြစ်ပေသည်။ ဤကိစ္စအတွက် အဆင်ပြေချောမွေ့ရန် ကသီလင်တဖြစ်နေပါသလား။ ဤစာအုပ်မှ အခန်းကဏ္ဍများကို ဆက်လက်ဖတ်ရှုလေ့လာပါက ပြေလည်အသုံးကျသွားပါလိမ့်မည်။

*(ကစားကျောင်းသည် မူကြိုကျောင်းနှင့် အလားတူပါသည်။ ကျောင်းဝင်ခွင့်ရရှိရန် အထပ်ထပ်ကြိုးစားရသော အိန္ဒိယနိုင်ငံ ပညာရေးစနစ်နှင့် မြန်မာနိုင်ငံမှာ ကွဲပြားမှုရှိသော်လည်း အဘယ့်ကြောင့် ထိုသို့စစ်ဆေးမေးမြန်းပြီးမှ မိမိတို့ကျောင်းတွင် လက်ခံကြသနည်းဟူသော အဖြေကို ဤစာအုပ်တွင် ရှာဖွေကြည့်စေချင်ပါသည်။*

mgyoe.com

ယနေ့ မြန်မာနိုင်ငံရှိ ကျောင်းများတွင်မူ ကျောင်းသားသစ်များ ကျောင်းအပ်နှံချိန်နှင့် ကျောင်းသားဟောင်းများ ကျောင်းပြန်လည်အပ်နှံချိန်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ သတ်မှတ်ပေးထားပါသည်။

ထို့ပြင် ကျောင်းနေရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက်လည်း အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ကျောင်းကြီး၊ ကျောင်းကောင်း၊ စံပြကျောင်း ဟူသည်ကတော့ ရှိနေပါသည်။ မိဘများသည် မိမိတို့ကလေးများအား မိမိထားလိုသည့်ကျောင်းသို့ ဝင်ခွင့်ရရန် ကြိုးပမ်းကြရပါသည်။

ကလေးနှင့် မိဘကို လူတွေ့စစ်ဆေးရွေးချယ်ခြင်းဟူ၍ သီးခြားမပြုလုပ်ကြသော်လည်း ကျောင်းများက မိမိတို့ကျောင်းနှင့် သင့်လျော်မည်ထင်သည့် ကျောင်းသားကို ရွေးချယ်လက်ခံတတ်ကြပါသည်။

ဤနေရာတွင် မိဘများက ပို၍ အရေးကြီးပါသည်။ မိမိကလေး ဤကျောင်းတွင် တက်ရန် မိမိ၌ အင်အားရှိ မရှိ၊ သွားလာမှု အဆင်ပြေ မပြေ၊ ကလေးစာလိုက်နိုင် မနိုင်၊ ကလေး၌ ကြိုတင်ပြင်ဆင်သင်ကြားထားမှုများ၊ ပြည့်စုံ မပြည့်စုံကို ချင့်ချိန်စဉ်းစား၍ နိုင်သည့်ဝန်ကို ထမ်းကြရပါမည်။

စာအုပ်ပါအခန်းကဏ္ဍများကိုလေ့လာ၍ ဆောင်သင့်သည်ကို ဆောင်ကာ ရှောင်သင့်သည်ကို ရှောင်ကြရပါလိမ့်မည်။)


❑

mgyoe.com

mgyoe.com

## စိတ်ပညာရှင်၏ ပြောကြားချက်

စိတ်ပညာရှင်များ၏ အဆိုအရ ကလေးဘဝအရွယ် မိမိဘာသာ တော့တီးတော့တ လမ်းလျှောက်ခါစကတည်းက သန္ဓေတည်ခဲ့သော မျိုးစေ့သည် လူငယ်ဘဝ စာမေးပွဲကို ကြောက်စိတ်လွန်မှုဆီသို့ ဦးတည်တတ်သည်ဟု ဆိုသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ မိဘများက ကောင်းစေချင်လွန်းပြီး ပေးလာခဲ့သော စိတ်ဒဏ်ရာများသည် ကလေးဘဝက တည်းက အမြစ်တွယ်လာခြင်းဖြစ်သည်ဟုဆိုခြင်းမှာ ကလေးသည် ငယ်လွန်းသောကြောင့် ထို တင်းကျပ်မှုနှင့် ဖိအားများအပေါ် တောင့်မခံနိုင်ပေ။ သို့ဖြစ်ရာ သူတို့၏ ခံစားချက်ကို ဒေါသတကြီး ဝုန်းဒိုင်းကြဲ၍ လွှင့်ထုတ်ပစ်ခြင်းအားဖြင့် လည်းကောင်း၊ တစ်ယောက်တည်း ထီးထီးနေခြင်းဖြင့်လည်းကောင်း ဖြေရှင်းပစ်တတ်ကြလေသည်။ ထိုသို့ အခက်အခဲကို




mgyoe.com

မိမိတို့ဘာသာ ရှင်းလင်းကြပုံသည် ထိုကလေး၏ စရိုက်လက္ခဏာတစ်ရပ် ဖြစ်လာတတ်လေသည်။


စိတ်ပညာရှင်များက အကြံပြုသည်မှာ မိဘများသည် မိမိတို့၏ စိတ်အလိုဆန္ဒအရ ကလေးများအပေါ် ဖိအားပေးလိုသည့် မည်သည့်သဘောထားကိုမဆို ရုပ်သိမ်းပစ်သင့်သည်ဟူ၏။ အထူးသဖြင့် ကလေး၏ကိုယ်ပိုင်စဉ်းစားဖြေဆိုခန်းတွင် မိဘများက ဆိတ်ဆိတ်နေ၍ ကလေးအပေါ် တစ်စုံတစ်ရာ ဖိအားမပေးသင့်ဟု ဆိုသည်။ မိဘများအနေဖြင့် မိမိတို့၏လိုလားချက်များ၌ စိတ်လှုပ်ရှားမှုကို လျှော့ချပြီး တည်တည်ငြိမ်ငြိမ် ဂရုတစိုက် အကြံပြုတတ်ရန်လည်း လိုအပ်သည်ဟု ဆိုသည်။

❑

mgyoe.com

mgyoe.com

## တော်ဝင်ပညာရှင်များ၏ ပြောကြားချက်




'အကယ်၍ ဗီဇာကြောင်တတ်တဲ့ကလေးဆိုရင်တော့ သီးသန့်ကျောင်းမျိုးမှာ ဝင်ခွင့်မရပါဘူး။ ဒီမှာ ကလေးရဲ့အရည်အချင်းကို ကြည့်တာမဟုတ်ပါဘူး။ စာရင်းဇယားအရသာ လက်ခံကြတာပါ။ ဒီမှာလျှောက်ထားတဲ့ ကလေးတိုင်းအတွက် နေရာပေးနိုင်ရလောက်အောင်လည်း လုံလောက်တဲ့ နေရာထိုင်ခင်း မရှိပါဘူး'ဟု နာမည်ရသောကျောင်းမှ ကျောင်းအုပ်ကြီးက ပြောသည်။

အချို့ကျောင်းများမှ တရားဝင်ပြောကြားသည့် အတွင်းစကားများတွင် 'ကလေးတွေကို နည်းပြလုပ်ပြီး ပုံစံတူအင်တာဗျူးလုပ်တာမျိုး လုံးဝမလိုအပ်ပါဘူး။ ဒါဟာ မိဘတွေက သက်သက်ဟန်ဆောင်ပုံဖမ်းကြတာဖြစ်လို့ ကလေးအတွက် ထိရောက်မှုမရှိပါဘူး'ဟု ပါရှိပေသည်။

mgyoe.com

ကျောင်းဝင်ခွင့်လျှောက်ချိန်များတွင် မိဘများသည် တယ်လီဖုန်း တဂွမ်ဂွမ်ဆက်တတ်ကြသည်။ မိမိတို့၏ စိုးရိမ်ပူပန်မှုများကို မျိုသိပ်မထားနိုင်ကြ။ များစွာသော မိဘတို့သည် ကျောင်းဝင်ခွင့်ရရှိရေးအတွက် တောင်းပန်တတ်ကြသည်။ နေရာထိုင်ခင်းသတ်မှတ်ချက်မှာ ကန့်သတ်ထားရသဖြင့် လျှောက်လွှာရှင်တိုင်းကို လက်မခံနိုင်ပေ။ သို့ဖြစ်ရာ မိဘများက နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ တိတ်တဆိတ်အပြိုင်အဆိုင် မိမိကလေး ကျောင်းဝင်ခွင့်ရရေးအတွက် အားထုတ်ကြလေသည်။

အကြမ်းအားဖြင့် နာမည်ရသော ကျောင်းများတွင် နေရာ ၉၀ စာ အတွက် လျှောက်လွှာပေါင်း ၁၅၀၀ ခန့်လက်ခံရတတ်ပေသည်။ ထို့ကြောင့် လျှောက်လွှာများက လက်ခံနိုင်သောဦးရေထက် များစွာပိုနေပေသည်။ ဤတွင် ဒေလီရှိ နာမည်ရကျောင်းတစ်ကျောင်း၏ လုပ်ကိုင်ပုံနည်းစနစ်မှာ လျှောက်လွှာများကို အစီအစဉ်အလိုက် ကွန်ပျူတာ၌ ထည့်သွင်းစာရင်းပြုစုခြင်းဖြစ်သည်။

များသောအားဖြင့် ကျောင်းများသည် လျှောက်ထားသမျှ ကလေးအားလုံးကို ကျောင်း၌ လက်ခံလိုကြပေသည်။ မိဘအမည်များနှင့် တစ်သက် သဘောထားထဲလည်း ရှိလေသည်။ သို့သော် ယင်းသို့မဖြစ်နိုင်ပေ။ မိဘများ မည်သို့ပင် စိတ်လှုပ်ရှားပူပန်စေကာမူ ကိန်းဂဏန်းအရ လက်လျှော့ကြရသည်သာဖြစ်ပေသည်။

ထိုကိစ္စအတွက် အပူတပြင်း မည်သို့ကိုင်တွယ်ဖြေရှင်းကြမည်နည်း။ 'မိဘတွေကို အကြံပေးချင်တာကတော့ ကျောင်းဝင်ခွင့်လျှောက်ထားတဲ့ နေရာမှာ ကျောင်းတစ်ကျောင်း နှစ်ကျောင်းထက်ပိုပြီး လျှောက်ကြပါ။ အကောင်းဆုံးအတွက်တော့ မျှော်လင့်ကြည့်ရမှာပေါ့။ တစ်ကျောင်းကျောင်းမှာတော့ ကလေး ပညာသင်ခွင့်ရမှာပါ'

ဤသည်မှာ ကျောင်းဝင်ခွင့်လျှောက်ထားမှုအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။ သေချာသည်မှာ ဤမြို့ ဤဒေသအတွင်း၌ အားလုံးသောကလေးများနှင့် စိတ်အားထက်သန်သော မိဘအားလုံးအတွက် လုံလောက်သော ကျောင်းများရှိထားပြီး ဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။


*(ကျောင်းဟူသည် ပညာရပ်များ ကျယ်ပြန့်စွာဖြန့်ကျက်ထားသော ဥယျာဉ်ကြီးတစ်ခုဖြစ်ပါသည်။ 'ပညာ'ဟူသည်မှာ 'အမှားအမှန် ဝေဖန်ပိုင်းခြားဆောင်ရွက်နိုင်စွမ်း' ဖြစ်သည်။ ကျောင်းသားကျောင်းသူဘဝတွင် ပညာကို တိုက်ရိုက်ယူနိုင်စွမ်း မရှိပါ။ ပညာရဖို့အတွက် စာသင်ကြရပါသည်။ 'စာ'ဟူသည်မှာ ပညာကို များများနှင့် မြန်မြန် ရယူနိုင်သော ကိရိယာတစ်ခု ဖြစ်ပါသည်။ ပညာရဖို့အတွက် စာအပြင် အခြားနည်းလမ်းနှင့်*

ကိရိယာများစွာ ရှိပါသည်။

ကျောင်းဟူသည် ပညာရှာမှီးရာ ဌာနကြီးတစ်ခုဖြစ်၍ မိမိကို ပညာရည်နို့ တိုက်ကျွေးသော မိခင်ကြီးနှင့်လည်း တူပါသည်။ ကလေးများကို တီထွင်၊ ကြံဆ၊ စွန့်စားသူကလေးများ ဖြစ်လာစေရန် ကျောင်းသား၊ မိဘ၊ ဆရာနှင့် ဒေသခံပြည်သူများ ပူးပေါင်းတည်ထောင်ထားသော ပင်မအဆောက်အအုံကြီးလည်း ဖြစ်ပါသည်။ ကျောင်းတွင် စာချည်းမသင်ပါ။ ကျောင်းသင်ဘာသာရပ်များအပြင် လူတစ်ယောက်၏ဘဝတွင် ကြုံတွေ့လာရမည့် ပြောဆိုဆက်ဆံရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေးတာဝန် သိတတ်မှုများကိုလည်း လေ့ကျင့်ပေးပါသည်။ ယင်းတို့မှာ ပညာများဖြစ်သည်။

ကျောင်းဟူသည် ထိုပညာများ ပေးဝေဖြန့်ဖြူးရာ ဗိမာန်ကြီးတစ်ခုဖြစ်ပြီး ကျောင်းသားကျောင်းသူများ မှီခိုအားထားရာ လူ့အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။ ထိုပညာ့ဗိမာန်ကြီးမှ အဖိုးတန်သော လူသားအရင်းအမြစ် ကလေးများကို မွေးထုတ်ပေးပါသည်။ ၎င်းတို့မှာ အခြေခံပညာကစပြီး အဆင့်ဆင့် တိုးမြှင့်ပြုစုပျိုးထောင်ပေးလိုက်သော ကျောင်းသားကျောင်းသူကလေးများ ဖြစ်သည်။ ထို့ကြောင့် အဖိုးမဖြတ်နိုင်သော ပညာရွှေအိုး မြှုပ်နှံရာ၊ ထက်မြက်သည့် လူသားအရင်းအနှီးမြှုပ်နှံရာ ကျောင်းတော်ကြီးကို ရှိသေလေးစားကြရပါမည်။

ပညာရေးဟူသည်မှာ လူတို့၏ အသိပညာကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တစ်ခုခု (သို့မဟုတ်) အားလုံးပြောင်းလဲမှုဖြစ်စဉ်ဖြစ်ပါသည်။ ပညာရေးခရီးလမ်းကြောင်းတွင် သင်ရိုးညွှန်းတမ်းသည် ယာဉ်ဖြစ်ပြီး ဆရာက ယာဉ်မောင်းနှင့်တူပါသည်။ ကားကောင်းကို ကျွမ်းကျင်သည့် ယာဉ်မောင်းက မောင်းလျှင် လိုရာပန်းတိုင်သို့ ချောမွေ့လျှင်မြန်စွာ ရောက်နိုင်သကဲ့သို့ ဆရာကောင်း၊ သင်ပြမှုနည်းလမ်း(သင်ရိုး)ကောင်းနှင့် ကျောင်းကောင်းတို့သည်လည်း အရေးကြီးသော ရွေးချယ်မှုဖြစ်ပါသည်)




❑

mgyoe.com

mgyoe.com

## ကျောင်းကြီးမနေမီ
## မဖြစ်မနေ ထားရမည့် ကစားကျောင်း

၂၁ ရာစုတွင် ကလေးများသည် အသက် ၁၂ လမှ ၁၄ လအကြား၌ ကစားကျောင်းသို့ အပို့ခံကြရတတ်ပေသည်။ ဤသည်မှာ ယနေ့ကာလ၏ ပုံစံသစ်တစ်ရပ်လည်း ဖြစ်သည်။ ထိုအရွယ်ရှိ ကလေးများအနေဖြင့် လမ်းလျှောက်ရန်၊ စကားပြောရန် စတင်သင်ယူကြရသည့်အချိန်နှင့်လည်း အချိန်ကိုက်ဖြစ်သည်။ သို့သော်ငြားလည်း မိဘတော်တော်များများအနေဖြင့် ဤလုပ်ရပ်အပေါ် ထွင်လုံးသက်သက်၊ ပိုက်ဆံဖြုန်းမှုသက်သက်၊ မိမိကလေးအား စန်းတင်ခြင်းသက်သက်ဟူ၍ ယူဆကြလေသည်။

### ကစားကျောင်း၏ တိကျသော သဘောထားအမြင်

ထိုကစားကျောင်းဆိုသည်မှာ ဆရာ၊ ဆရာမ စုံတွဲများ၏ ကြီးကြပ်မှုအောက်၌ တစ်နေ့လျှင် တစ်နာရီ၊ နှစ်နာရီခန့် ကလေး (၁၀ မှ ၂၀) ယောက် အထိ စုပေါင်းကစားရသောကျောင်းကို ဆိုလိုပါသည်။

ကစားကျောင်းကို နှစ်မျိုးနှစ်စား ခွဲခြားပြောနိုင်ပါသည်။ တစ်ခုကတော့ ဈေးကြီးသော သာမန်လူအနားမသီနိုင်သော ကစားကျောင်းမျိုးဖြစ်ပြီး နောက်တစ်ခုကတော့ နေ့ကလေးထိန်းကျောင်းသဘော ကလေးကို ထိန်းသိမ်းပေးထားရုံသက်သက်ဖြစ်သည်။ ပထမတန်းစား ကျောင်း၌မူ ကလေး၏ ပညာရေး၊ ကျန်းမာရေးကအစ ကိုင်တွယ်ဖြေရှင်းပေးသည်။

ထိုသို့ ကစားကျောင်းသို့ မိမိကလေးအား ပို့မည်ဟု မဆုံးဖြတ်မီ မိဘများ၌ မိမိတို့ကလေးအနေဖြင့် ပြင်ပပတ်ဝန်းကျင်နှင့် ထိတွေ့သင်ယူရန်၊ အခြားသူများနှင့်လည်း လိုက်လျောညီထွေ ပေါင်းသင်းဆက်ဆံတတ်ရန် ဟူသည့် လိုလားမှုတစ်ရပ်ရှိရပေမည်။

မိဘများသည် ထိုကစားကျောင်း၏ အခြေအနေကောင်းမွန်ခြင်း ရှိ မရှိ၊ ကလေး

mgyoe.com

mgyoe.com


ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပေးနိုင်ခြင်း ရှိ မရှိ ဟူသည်ကို လေ့လာဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ ကလေးအလွန်ငယ်လွန်းသောအရွယ်၌ စောင့်ရှောက်ပြုစုရမည့် ကစားကျောင်းအပေါ် မိဘများ စိတ်ချယုံ ကြည်မှုရှိရန်လည်း လိုပေသည်။

ပညာတတ်မဟုတ်သောသူများ တည်ထောင်ထားသည့် ကစားကျောင်းမျိုးကား ကလေးဖွံ့ဖြိုးတိုးတက်မှုအပေါ် စိတ်ဝင်တစား သတိပြုမည်မဟုတ်ပေ။ ကလေးဖွံ့ဖြိုးမှု၏ ဖီလာဆန့်ကျင်သော ဆိုးကျိုးကိုပင် ဖြစ်ပေါ်လာစေနိုင်ပါသေးသည်။

## ကစားကျောင်းတစ်ခု၏ အကျိုးကျေးဇူးများ

၁။ ကလေးကျောင်းများတွင် ကလေးကစားစရာ အရုပ်များကို စနစ်တကျ စီစဉ်ထားရှိသည်။ ထိုအရွယ်အဆင့် ကလေးတို့ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြင်ဆင်ထားသော ကစားစရာအရုပ်များဖြစ်သည်။ သူတို့ကစားရန်လည်း လမ်းညွှန်သင်ပြပေးသော ဆရာ၊ ဆရာမ ရှိလေရာ ကလေးများအတွက် သင်ယူခြင်း၏ အတွေ့အကြုံကို ရရှိနိုင်ပေသည်။ ဥပမာ ဘိုမရုပ်ကလေးကို အစာကျွေး ကစားခြင်းဖြင့် ထိုကလေးမှာ မိမိကိုယ်တိုင် အစာစားရမည်ဟူသော အသိကို ရရှိစေသည်။ ဤသည်မှာ အချိန်နှင့် အစာ စားရမည်ဟူသော သတ်မှတ်ချက်ကိုပါ ကလေးကနားလည်သဘောပေါက်လာလေသည်။

၂။ ကစားကျောင်းများသည် ကလေးအား သာမန်လုပ်ရိုးလုပ်စဉ်များကို သင်ကြားပေးသည့်အပြင် ကျောင်းကြီးသို့မဝင်မီ ကြိုတင်စီမံ ပြုပြင်ပေးထားသည့် အကျင့်များကို ရရှိစေသည်။ သူတို့သည် သူတို့၏ကိုယ်ပိုင်အဆင့်ကို မှတ်မိရန် သင်ကြားကြရသည်။ ကိုယ့်ထမင်းဘူးထဲမှ ထမင်းကို ကိုယ်ယူစားတတ်ရန်၊ အိမ်သာသွားတတ်ရန်၊ ကစားပြီးသောအခါ မိမိကိုယ်ကို သန့်ရှင်းတတ်ရန်၊ ကစားပစ္စည်းများ သိမ်းဆည်းတတ်ရန် စသည်တို့ကို သင်ယူနိုင်ကြမည်ဖြစ်သည်။

၃။ ကစားကျောင်းများသည် ကလေးတို့အား ဖျော်ဖြေရေးအစီအစဉ်နှင့် တွဲဖက်ဖွင့်လှစ်ထားရှိပေသည်။ အနည်းငယ်မျှသော မိဘများသည် ကလေးများအပေါ် အလွန်အလိုလိုက်တတ်သည်။ ၎င်းတို့သည် မိမိရင်သွေးအား အရိပ်တကြည့်ကြည့်နှင့် အာရုံစိုက်တတ်လွန်းကြရာ ထိုကလေးများသည် ထိန်းသိမ်းရခက်သော ကလေးများဖြစ်လာကြတော့သည်။ ကစားကျောင်းကမူ ကလေးများအား အနုပညာနှင့် လက်မှုပညာဆိုင်ရာ အသိအတတ်ကလေးများနှင့် ယဉ်ပါးလာစေရေးအတွက် စီစဉ်ပေး

mgyoe.com

ထားပြီး လက်ချောင်းကလေးများဖြင့် ကစားခြင်း၊ သီချင်းဆိုခြင်း၊ နားထောင်ခြင်း စသည့်အလေ့အကျင့်များကို စတင်ပျိုးထောင်ပေးသည်။

၄။ ကစားကျောင်းများသည် ကျောင်းကြီးသို့ ဝင်ရောက်ရန်အတွက် ကလေးများအား ပြင်ဆင်ပေးထားနိုင်သည်။ ကျောင်းကြီးတက်ချိန်တွင် ၎င်းတို့၌ သီးခြားစိတ်လှုပ်ရှား ပူပန်မှုမရှိတော့ပေ။ သူတို့သည် မိမိကိုယ်မိမိ ပို၍ယုံကြည်စိတ်ချမှု၊ လွတ်လပ်မှု ရှိကြသည်။ သူတို့တွင် လူလူချင်း ဆက်ဆံမှုဆိုင်ရာ အသိစိတ်ဓာတ်များ ရှိကြသည်။ စကားလုံးဝေါဟာရလည်း ကစားကျောင်းမတက်ဘူးသော ကလေးများထက် ပို၍ကြွယ်ဝကြသည်။

၅။ ၎င်းတို့အပြင် မိဘများအနေဖြင့်လည်း မိဘအချင်းချင်း အပြန်အလှန် အကျိုးသက်ရောက်မှုအခွင့်အရေးများ ရရှိနိုင်ကြသည်။ အခြားကလေးများကို လေ့လာအကဲခတ်ရန် အခွင့်အရေးတစ်ရပ်ကို ရရှိကြပြီး ယင်းသည် မိမိရင်သွေးငယ်၏ အပြုအမူအား ချင့်ချိန်ဆုံးဖြတ်နိုင်ရန် အထောက်အကူဖြစ်စေသည်။ အကယ်၍ မိမိရင်သွေးနှင့် ပတ်သက်၍ အိမ်တွင် အခက်အခဲတစ်စုံတစ်ရာနှင့် ရင်ဆိုင်ရပါက ကလေးကျောင်းမှ ကြီးကြပ်ရေးမှူးထံ ချဉ်းကပ်အကြံတောင်းနိုင်ကြသည်။

မိဘတော်တော်များများသည် ကစားကျောင်းထားခြင်းဖြင့် မိမိကလေး၌ ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ရလာလိမ့်မည်ဟု ထင်တတ်ကြသည်။ သို့သော် ထိုမျှလောက် မမြန်ဆန်နိုင်ပါ။ ကလေးကျောင်းတွင် မိမိသမီးကလေးကို မပို့ဘဲထားသူ မိခင်တစ်ယောက်က ပြောသည်မှာ 'ကျွန်မကတော့ ကစားကျောင်းဆိုတာ ပိုက်ဆံဖြုန်းတာသက်သက်ပဲလို့ ထင်တယ်။ အလုပ်လုပ်တဲ့မိခင်တွေအနေနဲ့ သူတို့နဲ့ နီးနီးနားနားမှာ ကလေးကို ခဏကြည့်ပေးဖို့ အပ်ထားတာလောက်ပါပဲ။ ကလေးတွေဟာ ကျောင်းကြီးကို တစ်နေ့ သွားရမှာပဲ။ နောင်အနှစ်နှစ်ဆယ်ကြာရင် ပညာတတ်ဖြစ်လာမှာပဲ။ ဒီအချိန်ဟာ သူတို့ရဲ့လွတ်လပ်ချိန်ကလေးဖြစ်သင့်တယ်။ ဘာဖြစ်လို့ သူတို့ငယ်ငယ်လေးတွေကို တွန်းအားပေးချင်ရတာလဲ။ သူတို့လေးတွေဟာ ဒီလိုအရွယ်ကို လွတ်လွတ်လပ်လပ် ဖြတ်သန်းသင့်တယ်။ ဒီအချိန်ဟာ ပြန်ရနိုင်တော့မယ့်အချိန် မဟုတ်ဘူး။ ကစားကျောင်းဆိုတာ သူတို့အတွက် ပျော်စရာသက်သက်လို့ပဲ သတ်မှတ်သင့်တယ်။ သူတို့ကြိုက်တာနဲ့ ပျော်ဖို့သာ ခွင့်ပြုသင့်တယ်' ဟု ဆိုပါသည်။

သူမ၏ ခံယူချက်မှာ အကယ်၍ မိခင်သည် အိမ်ရှင်မတစ်ဦးဖြစ်ပြီး မိမိရင်သွေးနှင့် လုံလောက်သောအချိန်ပေးမှုရှိလျှင် ကစားကျောင်းသို့ ပို့ရန် မလိုပဟူ၍ ဖြစ်သည်။

mgyoe.com

မည်သို့ပင်ဖြစ်စေ သင့်ကလေးအား ကစားကျောင်းသို့ ပို့ပေးရန်မှာ သင့်အတွက် မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်ပင်ဖြစ်ပါသည်။ ယနေ့ စိန်ခေါ်မှုများစွာဖြင့် ဖြစ်တည်နေသော ကမ္ဘာကြီးတွင် ကလေးများအနေဖြင့် မိခင်၏ ရင်ခွင်အတွင်းမှ ခေတ္တခွာထွက်ကာ ကျောင်းကြီးသို့မတက်ရောက်မီ ကစားကျောင်းများမှတစ်ဆင့် ပိုမိုကောင်းမွန်သော အသိပညာများရယူထားကြရန် အထူးလိုအပ်ပါသည်။

*(ကစားကျောင်းသည် မူကြိုကျောင်းနှင့် သဏ္ဍာန်တူပါသည်။ ယနေ့ မူကြိုကျောင်းများတွင် ကလေးများအား ကျောင်းကြီးတက်ရောက်ရန်အတွက် ပြင်ဆင်ပေးသော အလေ့အထရှိပါသည်။*

*အထူးသဖြင့် မြို့နေလူတန်းစားများသည် ကလေးများကို မူကြိုထားသည့် အလေ့အထကို အထူးအာရုံပြုတတ်ကြပါသည်။ အချို့ကျောင်းများသည် အချိန်ပိုင်းဖြစ်ပြီး အချို့ကျောင်းများက တစ်နေကုန်ဖွင့်ပါသည်။*

*မူကြိုတွင် ပုဂ္ဂလိကလည်းရှိသကဲ့သို့ အစိုးရမူကြိုများလည်း ရှိပါသည်။ မိဘများက အလျဉ်းသင့်သလို ထားကြပါသည်။ မည်သို့ပင်ဖြစ်စေ အိမ်တွင် အထိန်းရသက်သာလျှင်ပြီးရောဟူသော သဘောဖြင့် စုံစမ်းလေ့လာခြင်းမရှိဘဲ တွေ့သည့်မူကြိုကျောင်း၌ မိမိကလေးကို သွား၍ ချောင်မထိုးမိစေရန် လိုပါသည်။*

*ယနေ့ အချို့မူကြိုကျောင်းများသည် နိုင်ငံတကာအဆင့်မီ၍ အလေ့အကျင့် ကောင်းကြသည်ကို တွေ့နိုင်ပါသည်။ တတ်နိုင်သော မိဘများက ထိုကျောင်းများသို့ ငွေကြေးကုန်ကျခံကာ ပို့ကြပါသည်။ အချို့မိဘများကတော့ အစိုးရမူကြိုကို ပို၍သဘောကျကြပါသည်။*

*မည်သို့ပင်ဖြစ်စေ ကျောင်းမနေမီ ကလေးတစ်ယောက်အတွက် အိမ်၌ မိဘက လက်ပွန်းတတီး မနေနိုင်လျှင် မူကြိုကျောင်းသည် အံသင့်လျော်ဆုံး အုပ်ထိန်းသူဖြစ်ပါသည်။)*

❑

mgyoe.com

mgyoe.com

# ယနေ့ ပညာရေး

ပညာတတ်တစ်ယောက် ဖြစ်လာရေးသည် ရေးတတ်၊ ဖတ်တတ်ရုံ၊ စာတတ်ရုံမျှနှင့် မလုံလောက်ပေ။ ပညာတတ်ဆိုသည်မှာ လူ့အဖွဲ့အစည်းအား စစ်မှန်သော အားထုတ်ကြိုးပမ်းမှုဖြင့် ခိုင်မာကုံလုံသော ဖြည့်ဆည်းထောက်ပံ့မှုကို ပေးစွမ်းနိုင်သည့် တာဝန်ရှိသော နိုင်ငံသားတစ်ဦးအဖြစ် ကြီးပြင်းလာသူဖြစ်ရပေလိမ့်မည်။ သို့အတွက် ပညာတတ်တစ်ယောက်တွင် မိမိကိုယ်ကို လေးစားအထင်ကြီးမှု၊ သင့်လျော်သော ဝတ်စားပြင်ဆင်ဖီးလိမ်းမှု၊ ဟန်ပန်အမူအရာ တင့်တယ်ကောင်းမွန်မှုနှင့် စာနာရိုင်းပင်းတတ်မှုဟူသော အားသာချက်များ ရှိရမည်ဖြစ်သည်။ ယနေ့ကာလ ပညာရေးနည်းစနစ်တွင် ရှိရမည့် အင်္ဂါရပ်များကို ပုံဖော်ပြရလျှင်



mgyoe.com

- ကလေးသည် တက်ကြွသော သင်ယူသူဖြစ်ရမည်။
- ကလေးအား ရိုက်သွင်းသည့် အပြုအမူမျိုး မဖြစ်သင့်ဘဲ စံနမူနာထား၍ သင်ယူစေရမည်။
- ကလေးတွင် သင့်လျော်သော ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် ဝင်ဆန့်သည့် အတွေ့အကြုံရှိရမည်။
- ကလေးတွင် လွတ်လပ်မှုပိုရှိပြီး ထိုလွတ်လပ်မှုတွင် စည်းကမ်းစနစ်ကျမှုကို တွဲလျက်ရှိစေရမည်။
- ကလေးတို့သည် လွတ်လပ်သော သင်ယူသူနှင့် စဉ်းစားတွေးတောတတ်သူ ဖြစ်ရမည်။
- ကလေးများကို တန်ဖိုးဖြတ်နည်းစနစ်ဖြင့် ဖွဲ့စည်းထားသင့်သည်။
- ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို ဦးစွာစိစစ်တွက်ချက်ရမည်။
- ကလေးတို့ကို အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အပြန်အလှန် အကျိုးပြုစေခြင်းများ ဖန်တီးပေးရမည်။

ခေတ်စနစ်များကား အမှန်တကယ် ပြောင်းလဲခဲ့ပေပြီ။ ယမန်နှစ်ရာသီများအတွင်း၌ စည်းကမ်းဟူသော ချုပ်ရိုးကြောင်းပေါ်တွင် အသားကျနေစေပြီး အလွတ်ကျက်မှတ်နာယူရန် ဖိအားပေးခံခဲ့ကြရသည်။ သူငယ်ချင်းများနှင့်အဆင်ပြေစွာ ရင်းနှီးပေါင်းသင်းဆက်ဆံရေးထက် အတန်းထဲ၌ အမှတ်များများရရေးက ပို၍ အရေးကြီးခဲ့သည်။ လုပ်ငန်းစဉ်များသည် အသေချည်နှောင်ထားခံရပြီး ကျောင်းသားဘဝသည် ခက်ခဲပင်ပန်းလှ၏။ အတန်းတွင်း သင်ကြားမှုမှာလည်း ဆရာ ဆရာမ၏ ဦးဆောင်မှုအောက်တွင် သင်ယူရသော ရေသေသင်ရိုးညွှန်းတမ်းများ ဖြစ်နေခဲ့သည်။

သို့သော် ယနေ့ ပညာရေးစနစ်ကား ရေသေမဟုတ်တော့ဘဲ ပြောင်းလဲရွေ့လျားခဲ့ပြီဖြစ်သည်။ ကလေးများအား အလွတ်ကျက်မှတ်စေခြင်း၊ ဦးနှောက်အတွင်း ဇွတ်အတင်းရိုက်သွင်းခြင်းများ မပြုလုပ်တော့ပေ။ ကျောင်းသားများကိုယ်တိုင် ပါဝင်သင်ယူသောစနစ်ဖြင့် ပြောင်းလဲပုံဖော်လျက်ရှိ သည်။ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အလိုက် ကလေးတစ်ဦးချင်းသည် သူတို့ကိုယ်ပိုင်နည်းဖြင့် သင်ယူမှတ်သားရန် ခွင့်ပြုပေးခြင်းမှာ ယနေ့ ပညာရေး၏အသက်ဖြစ်သည်။

အုပ်စုလိုက် အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေးကြသော နည်းလမ်းသည် လူမှုဆက်ဆံရေးအတွေ့အကြုံများ တိုးတက်လာစေသည်သာမက ကလေးကိုယ်တိုင်လည်း

mgyoe.com

တက်ကြွသော သင်ယူသူဖြစ်လာစေသည်။ စည်းမျဉ်းစည်းကမ်းဟူသည် ယခုအခါ အလွန်ကြီးမားသော အရေးကြီးကိစ္စ မဟုတ်တော့ပေ။ ယနေ့ခေတ်တွင် ပညာရေးလမ်းစဉ်သည် တိုးတိုးတိတ်တိတ် လျှို့ဝှက်ထားရမည့် အရေးကိစ္စလည်းမဟုတ်ပေ။ ကလေးအားဖြစ်နိုင်သမျှ များများပေါင်းသင်းဆက်ဆံ၍ များများပြောဆိုဆွေးနွေးတတ်ရန် အားပေးနေရပေမည်။

တန်ဖိုးဖြတ်နည်းစနစ်သည်လည်း ပြောင်းလဲခဲ့ပြီဖြစ်သည်။ ကလေးများ၏ ပညာရေးတန်ဖိုးဖြတ်မှုသည် အတန်းတင်စာမေးပွဲကြီး တစ်ခုတည်းအပေါ်၌ မရှိတော့ဘဲ မှန်မှန်တန်ဖိုးဖြတ်သွားခြင်းဖြင့် စာမေးပွဲဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို ဖယ်ရှားပစ်လိုက်ခဲ့ပေပြီ။ ကျောင်းများစွာ၌ ကျွမ်းကျင်မှုအဆင့်အလိုက် ပြောင်းလဲသတ်မှတ်ခဲ့ကြပြီး နံပါတ်စနစ်အရ အတန်းငယ်များဆီသို့ ရွေ့ပြောင်းခဲ့သည်။ (ဥပမာ– ဂရိတ် ၂ သည် ပထမတန်းဖြစ်၏။ ဂရိတ် ၁ သည် သူငယ်တန်းဖြစ်၏။ ဂရိတ် ၁၁ သည် ဒသမတန်းဖြစ်သည်)

ကလေးသည် ပညာသင်ယူရာ၌ ပိုမိုလွတ်လပ်ခွင့်ရရှိပြီး အမှားများ နိုင်ခွင့်လည်းရှိသည်။ ကလေးငယ်အား အမှားများခဲ့သည့်အတွက် ဆူပူကြိမ်းမောင်းခံရခြင်းမျိုးမရှိစေရ။ နောင်တစ်ကြိမ် အမှတ်များများရရန် အားပေးရမည်။ သို့ဖြင့် နောက်ပိုင်းတွင် ကြိုးပမ်းမှုအသစ် စနိုင်မည်ဖြစ်သည်။

သင်ယူမှုလမ်းကြောင်းသည် စိတ်ဝင်စားစရာကောင်းသောကြောင့် ကလေးက အလွယ်တကူ ပါဝင်လာမည်ဖြစ်သည့်အပြင် ကလေးအနေဖြင့် ကစားခြင်းသာမက အလုပ်လုပ်နေခြင်းဖြစ်သည်ဟု သတိမပြုမိဘဲ သင်ယူလိုက်မည်ဖြစ်ပေသည်။

*ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် သင်ယူမှုမဏ္ဍိုင်လေးရပ် သတ်မှတ်ထားပါသည်။ ပထမမဏ္ဍိုင်မှာ 'အသိပွားဖို့ သင်ယူစို့' (**Learning to know**) ဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် သိပ္ပံနှင့် နည်းပညာရပ်များ တစ်နေ့တခြား တိုးတက်များပြားလာနေပေရာ ကျောင်းသားလူငယ်များ မျက်ခြည်ပြတ်၍မဖြစ်ပါ။ ပညာသင်ကြားရာတွင် သင်ယူမှု၏ ရည်ရွယ်ချက် ရှိရပါမည်။ (ဘယ်အပေါ်မှာ ဘယ်နေရာမှာ၊ ဘယ်ကာလမှာ)ဟူသည့် အခြေအနေရှိရမည်။ (ဘယ်လောက်၊ ဘယ်အထိ၊ ဘယ်မျှ)ဟူသည့်သတ်မှတ်စံ ရှိရမည်။ (ဘယ်လို၊ ဘယ်နည်း၊ ဘယ်ပုံ) ဟူသည့် လုပ်ဆောင်ချက်ရှိရပါမည်။ အသိပွားဖို့ သင်ယူခြင်းအတွက် အလွယ်ဆုံးဥပမာပြရလျှင် 'မြန်မာနိုင်ငံမှာရှိတဲ့ မြစ်ကြီးလေးသွယ်ကို မြေပုံတွင် ရေးဆွဲထည့်သွင်းအညွှန်းတပ်ပါ' ဆိုတာမျိုး ဖြစ်သည်။ ဤမဏ္ဍိုင်၏သဘောအရ ကျယ်ပြန့်နက်ရှိုင်းသော နောက်ခံဗဟုသုတ မုချရှိရပါမည်။ အထောက်အပံ့ ရှိရပါမည်။*

ဒုတိယမြောက် သင်ယူမှုမဏ္ဍိုင်မှာ 'လုပ်ကိုင်တတ်ဖို့ သင်ယူစို့' (Learing to do) ဖြစ်ပါသည်။ မိမိပတ်ဝန်းကျင်အခြေအနေအရ တီထွင်ဖန်တီးလုပ်ကိုင်နိုင်စွမ်းရှိဖို့ မှချသင်ယူရပါမည်။ ကလေးလူငယ်တို့သည် ကျောင်းနေဘဝလွန်မြောက်သောအခါ အသက်မွေးဝမ်းကျောင်းရတော့မည်။ ထိုအသက်မွေးမှုအတွက် လိုအပ်သော ကျွမ်းကျင်မှု ရရန် သင်ယူကြရပါမည်။ ယခုအခါ ကျောင်းများတွင် ကျောင်းပညာရေးအပြီး အနာဂတ် လုပ်ငန်းခွင်အတွက် ပြင်ဆင်သည့်အနေဖြင့် မလုပ်မီက ကြိုတင်တွေးခြင်း၊ မေးမြန်းပြီးမှ ပြုလုပ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ အများအပေါ် စာနာခြင်း၊ ရပ်တည်ချက်ခိုင်မာခြင်း စသော 'ဘဝတွက်တာကျွမ်းကျင်စရာ' များကို ကျောင်းတိုင်း၌ တွဲဖက်သင်ရိုးဝင် ဘာသာ ရပ်အဖြစ် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

တတိယမြောက် သင်ယူမှုမဏ္ဍိုင်မှာ 'တစ်ဦးချင်းအဖြစ် အစွမ်းကုန် ဖွံ့ဖြိုးဖို့ သင်ယူစို့' (Learning to be) ဖြစ်သည်။ မြန်မာစကားပုံတစ်ခုနှင့် ကိုးကားရပါက 'မိမိကိုယ်ကို ကိုးကွယ်ပါ'ဟူ၍ဖြစ်သည်။ ယနေ့ပညာရေးသည် တစ်ဦးချင်း၏ အစွမ်းကုန် ဘက်စုံဖွံ့ဖြိုးမှု ကို ဦးတည်ထားပါသည်။ ဘက်စုံဖွံ့ဖြိုးမှုဆိုသည်မှာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးကဏ္ဍမျိုးစုံဟု အဓိပ္ပာယ်ရပြီး ယနေ့ခေတ်ပညာရေးတွင် ၎င်းတို့ကို တွဲဖက်သင်ရိုး ဝင်ဘာသာရပ်များအဖြစ် အချိန်ပေး သင်ကြားနေပြီဖြစ်သည်။ လူတိုင်း မိမိ၏အခက်အခဲကို မိမိဖြေရှင်းတတ်ဖို့၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချတတ်ဖို့၊ ကိုယ့်တာဝန် ကိုယ်ကျေဖို့လိုပါသည်။ သို့ဖြစ်၍ ကျောင်းသားတို့သည် လွတ်လပ်စွာတွေးခေါ်မှု၊ ဆင်ခြင်သုံးသပ်မှု၊ ဆုံးဖြတ်ချက်ချ နိုင်မှုတို့အတွက် သင်ယူကြရပါမည်။ ပုံသွင်းခံရမည့် ခေတ်မဟုတ်ဘဲ ပုံဖော်ရမည့်ခေတ် တွင် တစ်ဦးချင်း၏အပိုင်းကဏ္ဍသည် အရေးအပါဆုံး ဖြစ်ပါသည်။

စတုတ္ထမဏ္ဍိုင်မှာ 'ကမ္ဘာသူ ကမ္ဘာသားအဖြစ် အတူနေဖို့ သင်ယူစို့' (Learning to live together) ဖြစ်ပါသည်။ တစ်ဦးချင်းစီ၏ အရည်အချင်းမှ အရည်အသွေးများစွာ ဖွဲ့တည်လာသော ကမ္ဘာရွာကြီးတွင် လူမှုရေးလုပ်ငန်းအားလုံး၊ ထွေးရောယှက်တင်ရှိနေပြီ ဖြစ်ရာ ထိုလုပ်ငန်းများကို အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန် လေ့ကျင့် သင်ကြားရပါမည်။ ယနေ့သတင်းအချက်အလက်ကာလတွင် တစ်ကမ္ဘာလုံး၏ သတင်း အချက်အလက်များကို နိုင်ငံအလိုက် အလွယ်တကူရယူပြီး လူသားဖွံ့ဖြိုးမှုအတွက် အသုံး ပြုချင်လာပြီဖြစ်သည်။ ထို့ကြောင့် ယခင်အသုံးပြုခဲ့သော လူထုဆက်သွယ်ရေးနည်း လမ်းများကို ခေတ်မီတိုးတက်သောအတတ်ပညာများနှင့် ပေါင်းစပ်ပြီး ကျောင်းသူ ကျောင်းသားများ သင်ယူမှုအခွင့်အလမ်းရှိလာအောင် ကျောင်းများ၌ စီမံဆောင်ရွက်နေ

mgyoe.com

*ပါသည်။ ပြဋ္ဌာန်းပါ သင်ခန်းစာကို လေ့လာမှတ်သား ကျက်မှတ်ရုံဖြင့် မပြည့်စုံနိုင်ပါ။ ထို့ကြောင့် သင်ယူမှုနယ်ပယ်သည် ကျောင်းစာသင်ခန်းဘောင်ကို ကျယ်ပြန့်ကျော်လွန်နေခြင်းဖြစ်၍ 'စာသင်ခန်းနှင့်ပြင်ပကမ္ဘာ ဆက်သွယ်ပါ' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုသင်ယူကြရပါမည်)*

❑

mgyoe.com

mgyoe.com

# ကျောင်းကောင်းတစ်ခု၏ အစိတ်အပိုင်းများ

သုတေသနပြုသူများ၏အဆိုအရ ကလေးတို့၏ ဉာဏ်ရည်ဉာဏ်စွမ်း တစ်ဝက်ကျော်ကျော်သည် ကလေးအသက် ပထမလေးနှစ်အတွင်း၌ ဖြစ်ပေါ်လာသည်ဟု သိရသည်။ သို့ဖြစ်ရာ ထိုသို့ကလေးငယ်တို့၏ စိတ်ကို ပုံသွင်းထုဆစ်နိုင်သော ကာလလေးတွင် ကလေးတို့အား ကိုယ်ကာယအားဖြင့်လည်းကောင်း၊ စိတ်ဓာတ်အားဖြင့်လည်းကောင်း၊ အသိပညာအားဖြင့်လည်းကောင်း၊ အလှအပခံစားတတ်မှုအားဖြင့်လည်းကောင်း၊ လူမှုဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအားဖြင့်လည်းကောင်း အတွေ့အကြုံများစွာရရှိရန် စီစဉ်ပြဋ္ဌာန်းပေးကြရမည်ဖြစ်သည်။


ကျောင်းကောင်းတစ်ခုအနေဖြင့် ထိုအတွေ့အကြုံများကို ဖန်တီးထားသော စနစ်သစ်ပညာရေးနည်းလမ်းများအရ ကလေးများထံ ဆောင်ကြဉ်းပေးရမည်ဖြစ်ပြီး ကလေးများ ပျော်ရွှင်မှုရရှိစေရန်၊ အကျိုးကျေးဇူးရှိရန်နှင့် ပြည့်စုံချမ်းမြေ့စေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ကျောင်းသား/သူများ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေး လိုအပ်ချက်တွင် ပညာရေးနှင့်ယှဉ်တွဲ၍ အားကစားလှုပ်ရှားမှုများနှင့် သင်ရိုးညွှန်းတမ်း ပြင်ပသင်ခန်းစာများကို ထိတွေ့ပေးခြင်းဖြစ်သည်။ အလွန်အရေးပါလှသည်။ မည်သို့ပင်ဖြစ်စေ ထိုလှုပ်ရှားမှုများအတွက် အဓိကအကျဆုံးမှာ နေရာထိုင်ခင်းဖြစ်ပေသည်။ ထိုအခွင့်အရေးများ တလုံးတစည်းထဲရရှိနိုင်မည့် ကျောင်းများ လိုအပ်ပေသည်။

အိန္ဒိယနိုင်ငံတွင် အချို့ကျောင်းများကို ကျောင်းအိပ်ကျောင်းစား စီစဉ်ပေးထားသည်။ အချို့ကျောင်းများတွင် ပြည်တွင်းကျောင်းသားကျောင်းသူများသာမက နိုင်ငံတကာမှ ကလေးများလည်း တက်ရောက်နိုင်ခွင့်ရှိသည်။ ထိုကျောင်းများမှ ကလေးများအနေဖြင့် ပြည်တွင်းပြည်ပလူမျိုးအသီးသီး သူငယ်ချင်းများစွာတို့နှင့် ထိတွေ့ဆက်ဆံနိုင်သော အခွင့်အရေးကို ရရှိနိုင်ကြပေသည်။

ကျောင်းကောင်းတစ်ခုတွင် ဖန်တီးထားရမည့် အစိတ်အပိုင်းများ၌ ရေကူးခြင်း၊

mgyoe.com

မြင်းစီးခြင်း၊ ဘောလုံးကစားခြင်း၊ ကျွမ်းဘားကစားခြင်းတို့အတွက် ဆောင်ရွက်ပေးမှုလည်း ပါဝင်သည်။ ထို့အပြင် ကွန်ပျူတာနှင့် သိပ္ပံလက်တွေ့ခန်းများ ဖွဲ့စည်းပါဝင်ရမည်။ ရုပ်မြင်သံကြားအစီအစဉ်များ ကြည့်ရှုနားထောင်နိုင်ရမည်။ ဘတ်စကက်ဘောကွင်း၊



စကိတ်စီးရန်နေရာများ ထားရှိပေးရမည်။ အင်္ဂလိပ်စာသင်ခန်းစာ အစီအစဉ်များ၊ အေရိုးဗစ်ကစားခြင်း၊ ဂျူဒိုကစားခြင်း၊ အနုပညာနှင့် လက်မှုပညာများ သင်ကြားခြင်း စသည်တို့အပြင် အခြားသင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများစွာတို့ကို အားပေးနိုင်မှသာ ကျောင်းကောင်းတစ်ခု ဖြစ်ပေလိမ့်မည်။

ဆရာ ဆရာမများသည်လည်း ထပ်တူထပ်မျှအရေးကြီးသည်။ ၎င်းတို့သည် ကလေးများ၏ ကိုယ်ကာယဆိုင်ရာလိုအပ်ချက်များကို အားဖြည့်ကူညီကြရမည်။ သို့ဖြစ်ရာ အတန်းတစ်တန်းတွင် လူဦးရေအများကြီး မရှိစေရ။ အရည်အသွေးကောင်းမွန်သော ပညာရေးကိုလည်း ဖန်တီးနိုင်ရန်မှာ အခြေခံအဆောက်အဦ၏ ပြည့်စုံဖွံ့ဖြိုးမှုက ပဓာနကျလှသည်။ ကျောင်းများတွင် ကလေးများပတ်ဝန်းကျင်နှင့် ရင်းနှီးနွေးထွေးရေး၊ ကြောက်ရွံ့ခြင်းကင်းစွာ သင်ယူလှုပ်ရှားနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်ထားရှိကာ ဆောင်ရွက်ရမည်ဖြစ်သည်။

mgyoe.com

## ပညာရေးအတွက် သုံးခေါက်ချိုးပါဝင်ဖွဲ့စည်းမှု

- ကျောင်းသားနှင့် ဆရာဦးရေ အချိုးအဆ နည်းရမည်။
- လှုပ်ရှားမှုဖောင်းပေးသော သင်ခန်းစာများဖြစ်ရမည်။
- ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်း ဖြစ်ရမည်။

ကျောင်းကောင်း၏လုပ်ပိုင်ခွင့်များတွင် ကိုယ်တိုင်ပါဝင်မှုဖြင့် သင်ယူခြင်းကို ဖန်တီးပေးထားရမည်ဖြစ်သည်။ ကျောင်းကောင်းတစ်ခုတွင် သင်ကြားပုံ နည်းစနစ်နှင့် ပုံစံသစ်များကို အမြဲတမ်းဖန်တီးနေရမည်။ ကျောင်းသည် အလုပ်ရုံတစ်ခုကို ဖွဲ့စည်းထားရမည်။ ထိုအလုပ်ရုံ၏ သုံးဖက်ညီတြိဂံအမှတ်အသားတွင် မိဘ၊ ကျောင်းသား၊ ဆရာ ဟူ၍ ရှိနေရမည်။ ကျောင်းသားတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးအတွက် ထိုသုံးဦးသုံးဖလှယ် တာဝန်ကိုယ်စီယူကြရမည်ဖြစ်သည်။

ကျောင်းကောင်းတစ်ခုတွင် ကျောင်းသားဗဟိုပြုသင်ကြားရေးပီပြင်မှု ရှိလာစေရန် ကျောက်သင်ပုန်းယဉ်ကျေးမှုကို ဖယ်ထုတ်ပစ်ထားရမည်။ စည်း ကမ်းအဆင့်အတန်းနှင့် ပညာရေးမြှင့်တင်မှုအတွက် မိမိကျောင်းအား ယုံကြည်ကိုးစားမှု ရှိစေရမည်။ ကျောင်းကောင်းတစ်ခု၏ လုပ်ရပ်မှန်သည် ဆယ်တန်းနှင့် ဆယ့်နှစ်တန်းတို့၏ ရလဒ်များက သက်သေထူပြမည်ဖြစ်သည်။

ခြုံ၍ပြောရလျှင် ကျောင်းကောင်းတစ်ခုသည် ကလေးများအတွင်း လှုပ်ရှားမှုနယ်ပယ်အားလုံး၌ ကြီးမြတ်သောစိတ်ဓာတ်ကို စွဲမှတ်အောင် သွန်သင်ပေးသည်ဟုဆိုရမည်ဖြစ်သည်။ ကျောင်းသားတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ပလှုပ်ရှားမှုအမျိုးမျိုးသော ပစ္စည်းအစုစုဖြင့် ရောနှောဖန်တီးပေးသည့်အပြင် ပျော်ရွှင်စွာ သင်ယူခြင်းအလေ့အထကို ရရှိစေပြီး ပညာရေး၏ ဖိစီးမှုအောက်မှလည်း လွတ်မြောက်စေပါသည်။

## ကျောင်းကောင်းဖြစ်ရန် ဖန်တီးမှု

သင့်ကလေးအတွက် ကျောင်းကောင်းတစ်ခုဆိုသည်မှာ ထိုကျောင်း၏ စွမ်းဆောင်ချက်များသာမက သင့်ကလေး၏ တစ်မူထူးသော လိုအပ်ချက်များအပေါ်တွင်လည်း မူတည်ပေသည်။ သင်ကား ထိုကျောင်း၏လှုပ်ရှားမှုများကို အနီးကပ်လေ့လာပြီး မှန်ကန်သော မေးခွန်းများကို မေးကြည့်ရပေမည်။ အောက်တွင် ဖော်ပြထားသော စစ်ဆေးသင့်သည့် အချက်များကို လေ့လာပါ။

mgyoe.com

## သင်မေးနိုင်သည့် မေးခွန်းများ

- ကျောင်း၏ဘုတ်အဖွဲ့ (သို့) ပါဝင်သော အသင်းအဖွဲ့အစည်း
- ဆရာ ကျောင်းသားအချိုးအဆ (၂၀ း ၁ ရှိသင့်သည်)
- ကျောင်းသွားကျောင်းပြန် အစီအစဉ်ဖန်တီးပေးမှု
- ကစားစရာနှင့် အားကစားဖန်တီးထားမှု
- စာကြည့်တိုက်ကောင်းကောင်း ရှိ မရှိ၊ သိပ္ပံခန်း၌ ပစ္စည်းစုံ မစုံ
- ပုံမှန် ကျန်းမာရေးစစ်ဆေးမှု
- အထူးသီးသန့် ကလေးငယ်များ စောင့်ရှောက်ရန် ခေတ်မီ အထောက်အပံ့ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ရှိ မရှိ
- ကလေးများအတွက် တစ်ယောက်ချင်း ဂရုစိုက်မှု
- အတွေ့အကြုံစွမ်းရည်နှင့် မြင့်မားသော အရည်အသွေး
- တစ်ဦးချင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိရေး
- ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဆွေးနွေးလမ်းညွှန်မှုများ ပုံမှန်ရှိ မရှိ
- အကျင့်စာရိတ္တကို တန်ဖိုးထားသော ပညာရေးဖြစ်ရန်
- လုပ်ရည်ကိုင်ရည်၊ အလေ့အကျင့်နှင့် အရည်အချင်းရှိသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ရှိ မရှိ
- ကွန်ပျူတာသင်ကြားမှုစနစ်၊ နောက်ဆုံးပေါ် စက်ပစ္စည်းများ အသုံးပြုနိုင်ခြင်း
- ပညာရှင်များနှင့် သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများ
- တိုးတက်မှုစောင့်ကြည့် စစ်ဆေးသောစနစ် ရှိ မရှိ၊ အပတ်စဉ်၊ လစဉ်၊ လေးလပတ်စာမေးပွဲများ
- စည်းကမ်းကောင်းခြင်း
- လိုအပ်သော ကျောင်းသားများအတွက် အပိုသင်တန်းဖွင့်ပေးခြင်း
- ဝင်ခွင့်စာမေးပွဲ၊ မူဝါဒနှင့် လမ်းစဉ်အဆင့်ဆင့်
- ပြီးခဲ့သောရလဒ်များနှင့် ထင်ရှားသော ကျောင်းသူ/ ကျောင်းသားဟောင်းများ
- လမ်းညွှန်မှုသက်တမ်းနှင့် အကြံပေးမှုသက်တမ်း
- အခြေခံအဆောက်အအုံ
- ဥပစာသန့်ရှင်းမှု

mgyoe.com



- ဝါသနာပါရာ လှုပ်ရှားမှုများနှင့် အချိန်ပိုလှုပ်ရှားမှုများ
- စုစုပေါင်းကုန်ကျစရိတ်နှင့် ပညာသင်ကြေးထောက်ပံ့မှု စသည်
- နိုင်ငံတကာပညာရေးဖလှယ်မှု အစီအစဉ်များ ရှိ မရှိ
- ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများ၏ သဘောထား
- လက်ရှိတက်နေသော ကျောင်းသူကျောင်းသားများ၏ အထွေထွေပြုပြင်သန့်ရှင်းဝတ်စားဆင်ယင်မှု၊ နီးကြားတက်ကြွ စိတ်ဝင်စားမှုနှင့် ဆက်သွယ်ပေါင်းစည်းရေး ကျွမ်းကျင်မှု
- ပြိုင်ပွဲများ၊ တံခွန်စိုက်ပွဲများ၊ ပညာထူးချွန်ဆုများ လေ့လာရေး ခရီးများတွင် ပါဝင်မှု
- ပို့ဆောင်ရေးအစီအစဉ်နှင့် နေရာဒေသ
- ကျောင်း၏ သဘောထားခံယူချက်နှင့် အဖွဲ့အစည်းများ
- သင့်လျော်သော ဖြစ်နိုင်ချေရှိသော လခနှင့် အခြားစရိတ်စက ကုန်ကျမှုများ

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကကျောင်းများ၏ သင်ရိုး



ယေဘုယျအားဖြင့်ပြောရလျှင် ပုဂ္ဂလိကကျောင်းများသည် ပုဂ္ဂလိက ကျောင်းများဆိုင်ရာ ကွန်ဖရင့်၏အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ယင်းသည် သတ်မှတ်ချက် ကန့်သတ်ချက်များအရ လျှောက်ထားသောကလေးများကို ရွေးချယ်စိစစ်၍ သင့်တော်သူအားလက်ခံသောကျောင်းဖြစ်ပါသည်။

ဤကျောင်းတွင် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးကို ကြည့်ကာ ရွေးချယ်လက်ခံခြင်းဖြစ်ပါသည်။ လူမှုအဆင့်အတန်း၊ ဘာသာအယူဝါဒနှင့် လူမျိုးခွဲခြားရွေးချယ်ခြင်းမရှိပါ။ ထို့ကြောင့် ဆင်းရဲချမ်းသာ လူမျိုးမရွေး ဘာသာမရွေး လျှောက်ထားခွင့်ရှိသည်။

သို့သော် အဓိကအချက်မှာ အင်္ဂလိပ်စကားနှင့်စာကို သင်ကြားပေးသော ကျောင်းဖြစ်သဖြင့် ဉာဏ်ရည်ဉာဏ်သွေးအဆင့်များ အရေးပါလှပါသည်။ ဤပုဂ္ဂလိကကျောင်း

mgyoe.com



များသည် ကလေးငယ်တို့အား ပညာရေးကိုသာမက အလုံးစုံသော လူမှုဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုပါ တာဝန်ယူထားရှိလေသည်။

သို့ဖြစ်ရာ စာသင်ကြားခြင်းအပြင် ကိုယ်ခန္ဓာသန်စွမ်းကျန်းမာရေးလှုပ်ရှားမှုများနှင့် ကစားခုန်စားခြင်းများကို မဖြစ်မနေ ပြုလုပ်ပေးကြလေသည်။ ကျောင်းတွင် ပြည့်စုံသော သင်ထောက်ကူပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများရှိသည်။ ကျောင်းသားကျောင်းသူတစ်ဦးသည် မိမိနှစ်သက်ရာ အားကစားတစ်မျိုးမျိုးကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ ဥပမာ ဘတ်စကက်ဘော၊ ရေကူး၊ မြင်းစီး၊ ကြက်တောင်ရိုက် စသဖြင့် ဖြစ်သည်။

အခြားအင်္ဂါရပ်များမှာ တီးမှုတ်ခြင်း၊ သီဆိုကခုန်ခြင်း၊ ကဗျာရွတ်ခြင်း၊ လူမှုဆောင်ရွက်ချက်များတွင် ပါဝင်ခြင်း၊ စက်မှုဆိုင်ရာ ဘာသာရပ်များကို လေ့လာခြင်း(ဥပမာ လျှပ်စစ်၊ အခြားအသက်မွေးဝမ်းကျောင်းပညာ)၊ ဝါသနာပါရာ ဘာသာရပ်ကို သင်ယူခြင်း (ဥပမာ အလုပြင်ခြင်း) စသည်တို့ဖြစ်ပြီး ၎င်းတို့သည် မဖြစ်မနေ ပူးပေါင်းရသော သင်ရိုးညွှန်းတမ်းများဖြစ်သည်။ ကျောင်းတွင်းပြိုင်ပွဲအမျိုးမျိုးကိုလည်း ပြုလုပ်ပေးပြီး အခြားကျောင်းများနှင့် ချစ်ကြည်ရေးပြိုင်ပွဲများလည်း ပြုလုပ်ပေးသည်။ အချို့ကျောင်းများသည် ကမ္ဘာလုံးဆိုင်ရာ ထိတွေ့မှုရစေရန် မိမိ၏ ကျောင်းသားများကို ဖန်တီးပေးလေသည်။

❑

mgyoe.com

mgyoe.com

# ကလေး၏ စိတ်သဘောကို နားလည်ခြင်း

## သိမှုနှင့် စိတ်ဖွံ့ဖြိုးတိုးတက်မှု

အာရုံကြောစနစ် ကြီးထွားဖွံ့ဖြိုးတိုးတက်မှုသည် ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။ ကြီးထွားဖွံ့ဖြိုးတိုးတက်မှု၏ လက္ခဏာသွင်ပြင်များမှာ ကိုယ်ခန္ဓာ၊ ဉာဏ်ရည်၊ စိတ်ခံစားမှု၊ လူမှုဆက်ဆံရေးနှင့် စိတ်ဓာတ်များဖြစ်ပြီး အားလုံးမှာ ချိတ်ဆက်ယှက်နွယ်လျက် ရှိသည်။ ကလေးငယ်တစ်ယောက်သည် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်၍ တက်ကြွသော အသွင်သဏ္ဍာန်ရှိလျှင် ၎င်း၏ကိုယ်ခန္ဓာစွမ်းရည်မှာလည်း အခြားကလေးများနှင့်မတူညီဘဲ ခြားနားသည်။

ကလေးတွင် ဆုံးရှုံးမှုတစ်စုံတစ်ရာအတွက် ခံစားမှုရှိနေပါက မိမိကိုယ်ကို ယုံကြည်မှုများ မလုံမလဲဖြစ်လာပြီး သူ၏စိတ်အတွင်း၌လည်း ဒဏ်ရာရရှိမည်ဖြစ်သည်။ ထိုကလေးတွင် အတွင်းစိတ်ခံစားမှုကြောင့် ရှက်ရွံ့ကြောက်လန့်မှု၊ ရှောင်ဖယ်ဖယ်နေလိုမှု၊ သူတကာအပေါ် ရန်လိုနေမှုတို့ ဖြစ်ပေါ်နေပေသည်။ အရာရာကို အတိုက်အခံပြုလိုစိတ်လည်း ဝင်နေလေသည်။



ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်မှုသည် တစ်ဦးချင်း၏လိုအပ်မှုကို ဂရုတစိုက်စောင့်ကြည့် နေခြင်းအပေါ်တွင် မူတည်ပေသည်။ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လှုပ်ရှားမှုများကို ကလေး၏စိတ်ဝင်စားမှု၊ သဘောထားနှင့် အလေ့အကျင့်တို့ဖြင့် ဆုံးဖြတ်သတ်မှတ်ရလေသည်။

ဥပမာ – ချွေးထွက်များခြင်းသည် ကလေး၏စိတ်ခံစားမှုကို ထိခိုက်စေသည်။ ထို့အတူ ကိုယ်ခန္ဓာအစိတ်အပိုင်း ဖွံ့ဖြိုးတိုးတက်မှုနှင့်

mgyoe.com

 mgyoe.com 

သွေးလည်ပတ်ခြင်း၊ အသက်ရှုခြင်းဆိုင်ရာ အင်္ဂါရပ်များ ဖွံ့ဖြိုးတိုးတက်မှုသည် ကလေးအတွက် စက်မှုဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးတွင် ပါဝင်နိုင်ရန် လိုအပ်သောစွမ်းရည်ကို ပေးသည်။

ထို့ကြောင့် ကိုယ်ကာယကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်အပေါ် ဗဟုသုတရှိရန်မှာ မိဘများနှင့် ဆရာ ဆရာမများအတွက် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ ပညာရေးလမ်းစဉ်၏ အရေးအပါဆုံးရည်မှန်းချက်သည် ကလေးများ၏ သွင်ပြင်လက္ခဏာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အချိုးညီညီ ရှိရမည်ဖြစ်သည်။

ကလေးများသည် နိုင်ငံတော်အင်အားတစ်ရပ်၏ ကျောထောက်နောက်ခံ အရင်းအမြစ်များဖြစ်ကြသည်။ ၎င်းတို့၏ကျန်းမာရေးနှင့် သင့်လျော်သော ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ကျောင်းများ၌ ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီအထောက်အပံ့များ လိုအပ်သည်။

ကိုယ်ခန္ဓာကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု စံနမူနာကိုလေ့လာခြင်းသည် ကလေးတစ်ဦးချင်း၏ အသက်အရွယ်အလိုက် မျှော်လင့်ထားသည့်အပြုအမူကို တွက်ချက်ခန့်မှန်းနိုင်ရန် အထောက်အကူပြုသည်။ ဤအချက်သည် ကျောင်းအစီအစဉ်များ(ဥပမာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်း ပြင်ပအတွေ့အကြုံများ၊ နည်းလမ်းများ၊ သင်ကြားပုံနည်းစနစ်များ၊ ဖတ်စာအုပ်များ၊ နေရာထိုင်ခင်းစီစဉ်မှုများ၊ သင်ယူမှုပတ်ဝန်းကျင်မှန်ကန်ရေး ဆောင်ရွက်ချက်များ)ကို စီမံဆောင်ရွက်ကြမည့် ပညာရှင်ကြီးများအား အထောက်အကူပြုသည်။

ကလေးတစ်ဦးချင်း၏ စွမ်းအားနှင့် စိတ်ဓာတ်စွမ်းအင်ကို ပတ်ဝန်းကျင်ပြောင်းလဲမှု အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် အောက်ပါအချက်အလက်များ လိုအပ်သည်။

- အတွေ့အထိနှင့် အသိအမြင်
- အယူအဆပုံစံ
- ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှု
- မှတ်ဉာဏ်ဖွံ့ဖြိုးတိုးတက်မှု
- အခက်အခဲပြဿနာ ဖြေရှင်းနိုင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု

စိတ်ဖွံ့ဖြိုးတိုးတက်မှုကို မျိုးရိုးအမွေနှင့် ပတ်ဝန်းကျင်အခြေအနေ နှစ်မျိုးစလုံးမှ ထိန်းချုပ်ပေးထားသည်။ သက်တူရွယ်တူ (သို့မဟုတ်) အဆင့်အတန်း အရည်အချင်းတူ

mgyoe.com

သူများနှင့် ပေါင်းသင်းဆက်ဆံရေး၊ ကျောင်းပတ် ဝန်းကျင်နှင့်ဆက်ဆံရေး စသည်တို့သည် ကလေး၏စိတ်ခံစားမှုဆိုင်ရာ အပြုအမူကို လွှမ်းမိုးထားသည်။ ကလေးကား ထိုအရွယ် ကလေးများ၏ ဝိသေသလက္ခဏာများဖြစ်သော အော်ဟစ်ခြင်း၊ ငိုကြွေးခြင်းများသည် အားကိုးအားထားပြုရာမဟုတ်ကြောင်း သင်ကြားပြီးဖြစ်စေသည်။

ဆရာ၊ ဆရာမ



ဆရာ၊ ဆရာမဟူသည် သင်ကြားခြင်းနှင့်သင်ယူခြင်းအစီအစဉ် မှန်သမျှ၌ အထိ ရောက်ဆုံးသော အင်အားတစ်ရပ်ဖြစ်ပါသည်။

ဆရာ၊ ဆရာမများသည် ကလေး၏အလားအလာကို သိရှိနားလည်ထားခြင်း မရှိပါက ထိုကလေးအား ဦးဆောင်လမ်းညွှန်သူ မည်သို့မျှမဖြစ်လာနိုင်ပေ။ ကလေး၏ လိုအပ်ချက်အရ သင်ယူမှုအတွေ့အကြုံနှင့် ဘာသာရပ်ကိစ္စတို့ကို စုစည်းကောက်ယူနိုင်စွမ်း ရှိရမည်။ ထို့ပြင် သင်ယူရန်နေရာ ထိုင်ခင်း၊ ပတ်ဝန်းကျင် စသည်တို့ကိုလည်း စီစဉ်ပေး နိုင်ရမည်။ ထို့အတူ သင်ယူမှုနည်းလမ်းကိုလည်း အကြံပေးနိုင်သူဖြစ်ရပေမည်။ နောက်ဆုံး ကလေးတစ်ဦးချင်း၏ လိုအပ်ချက်အရ အကျွေးအမွေးတာဝန်ယူခြင်းဟူသည့် စောင့်ရှောက် မှုကိုလည်း ပြုလုပ်နိုင်ရပေမည်။

ထို့အပြင် ကလေးတို့၏ ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်အပေါ် နားလည် သဘောပေါက်ခြင်းသည် ဆရာ ဆရာမတို့အား ပညာရေးရည်မှန်းချက်များ ပြည့်မြောက်နိုင် စေရန် ကူညီပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမတို့သည် သူတို့၏ တပည့်များအား စိတ် ဓာတ်အင်အား

mgyoe.com

မြင့်မားမှုရှိစေရန် ဦးဆောင်လမ်းပြနိုင်သူဖြစ်ရမည့်အပြင် မိမိကိုယ်ပိုင်နှင့် မိမိ၏ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် အမြော်အမြင်ရှိစွာ ဉာဏ်ရှိသလို အသုံးချသူ ကူညီပေးနိုင်သူဖြစ်ရပါလိမ့်မည်။

*[သင်ကြားနည်းနှစ်မျိုးရှိပါသည်။ ဆရာ ဆရာမက ရှေ့မှ ဟောပြောပို့ချနည်း၊ မှတ်စုခေါ် လိုက်ရေးနည်းစနစ်ကို ဆရာဗဟိုပြုသင်ကြားရေးနည်းဟု ခေါ်ပါသည်။ ယင်းမှာ အကြောင်းအရာ အချက်အလက်များကို ကျောင်းသူကျောင်းသားများအား တိုက်ရိုက်ရောက်စေသည့်နည်း၊ အများစုကို တစ်ချိန်တည်း၌ သင်ပေးသောနည်းဖြစ်၍ အချိန်ကုန်သက်သာပြီး အချက်အလက်များ ရှင်းပြပေးခွင့်ရှိပါသည်။ သို့သော် ဆရာ့အာဘော်သက်သက်ဖြစ်၍ ပျင်းရိငြီးငွေ့စေပြီး စိတ်ဝင်စားမှု နည်းပါးလာတတ်ပါသည်။ နောက်တစ်နည်းကတော့ သင်ယူသူကိုယ်တိုင် ပါဝင်လုပ်ဆောင်သင်ယူနည်း ဖြစ်ပါသည်။ သင်ရိုးပါအကြောင်းအရာတစ်ခုကို ကလေးတစ်ဦးချင်း(သို့) အုပ်စုလိုက် စူးစမ်းရှာဖွေသင်ယူခြင်းဖြစ်သည်။ သင်ယူသူ၏အားထုတ်မှုပါရှိသောကြောင့် ပို၍ အထမြောက်သည်ကိုတွေ့ရပါသည်။*

*ထိုသို့ သင်ရိုးညွှန်းတမ်းများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုပြုရာ၌ ပညာရှင်များ၏ လမ်းညွှန်မှု၊ နိုင်ငံတကာပညာရေးစနစ်ကို လေ့လာမှုများဖြင့် အကောင်အထည်ဖော်ကြရပါသည်။ ထို့ကြောင့် ကျောင်းအခြေပြု ဆရာစွမ်းရည် မြင့်မားရေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိနေပါသည်။*

*ဆရာသည် ကျောင်းသူကျောင်းသားများနှင့် အထိအတွေ့ရဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ကျောင်းသားများ၏ အသိပညာတိုးချဲ့ရေး တာဝန်ယူထား ရသူများဖြစ်သည်။ ပြောင်းလဲလာသော သင်ရိုးအပေါ် စိတ်ဝင်စားမှုရှိလာ အောင်၊ ပြည့်ဝစွာခံယူတတ်အောင်၊ ကျွမ်းကျင်မှုရှိလာအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဆရာဟူသည် အမြဲသင်ယူနေရမည့် ထာဝရကျောင်းသားကြီးများ ဖြစ်ရပါမည်။ ( to be a life long learner)*

*ကားလမ်းခရီးရှည်ကြီးတွင် ယာဉ်မောင်းသည် အဓိကကျသကဲ့သို့ သင်ရိုးညွှန်းတမ်းတစ်ခု အကောင်အထည်ဖော်ရာတွင် ဆရာသည် အဓိက သော့ချက်ဖြစ်သည်။ ဆရာတို့သည် မိမိ၏ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ဆရာအတတ်နည်းပညာနှင့် တက်ကြွနိုးကြားသော အသိစိတ်ဓာတ် (ဆရာစိတ်စစ်စစ်)ဖြင့် အကောင်အထည်ဖော်ကြရပါမည်]*

❑

mgyoe.com

mgyoe.com

# မိမိကိုယ်မိမိ ယုံကြည်မှုဖွံ့ဖြိုးတိုးတက်ရေး

ကျွန်ုပ်တို့၏အိမ်တွင် ထက်မြက်ပြီး ချစ်စရာကောင်းသော ကလေးတစ်ယောက် ရောက်ရှိလာသည်နှင့် ရတ်ချည်းပင် ကြီးမားသော မျှော်လင့်ချက်များကို ထိပ်တိုက်ရင်ဆိုင်တွေ့ရပေတော့သည်။ မှန်ကန်သောအချိန်၌ မှန်ကန်သောအလုပ်ကို လုပ်နိုင်ရန်လည်း တာဝန်ကျလာပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာလောကကြီးတွင် စတင်ခရီးနှင်တော့မည့် ပူပင်ကြောင့်ကြမဲ့သော ကလေးတစ်ယောက်အတွက် တောင်းဆိုလာသော ကြောင့်ပင်ဖြစ်သည်။

ညင်သာသော အကူးအပြောင်းအစား ရုတ်တရက်ပြောင်းလဲမှုသည် ကလေးငယ်အား စိတ်ရှုပ်ထွေးစေပါသည်။ ထိုအရွယ်ကလေးငယ်အား ဦးဆောင်လမ်းပြရမည့် မိဘနှင့် အုပ်ထိန်းသူများအနေဖြင့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရုံသာမက မိမိကိုယ်မိမိ ယုံကြည်စိတ်ချလာအောင် သွန်သင်ပေးကြရမည်ဖြစ်ပါသည်။ ယင်းအချက်သည် ကလေး၏ အနာဂတ်ဘဝတစ်လျှောက်လုံးကို ဆောင်ကြဉ်းသွားနိုင်မည့် မျိုးစေ့ဖြစ်သည်။

ကလေး၌ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုဖြစ်လာစေရေးအတွက် မိဘများ၏ အားဖြည့်ကူညီမှုနှင့်အတူ ဒဏ်ခံနိုင်မှုလည်း အချိန်ပြည့်ရှိနေရန် လိုပေသည်။ တဖြည်းဖြည်း မိမိကိုယ်မိမိ စိတ်ချယုံကြည်လာသော ကလေးသည် တခြားသူများနှင့် ပေါင်းသင်းဆက်ဆံနိုင်လာပြီး သူစိမ်းများနှင့်လည်း အပြန်အလှန် အကျိုးပြုလက်တွဲတတ်လာမည်ဖြစ်သည်။

ထိုအချက်တို့သည် ကျောင်းသွားတော့မည့် ကလေးတစ်ဦးအတွက် အလွန်အရေးကြီးလှသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ ဆက်လက်ဖော်ပြမည့် သင်ခန်းစာများသည် ကလေးအား စွဲမှတ်သွန်သင်နိုင်မည့် အကြောင်းအရာများဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

## အကောင်းမြင်သဘောထားနှင့် ဒဏ်ခံနိုင်မှုကို မည်သို့ ဆောင်ကြဉ်းရမည်နည်း

- အမှားပြုလုပ်ရန် မကြောက်စေသင့်။
- အခက်အခဲအပြီး ပြန်လည်ဦးမော့ရန် အားပေးပါ။
- သွက်သွက်လက်လက် လုပ်ပါစေ။
- အများကြီး မဖိစီးပါစေနှင့်။
- နားပူအောင် မလုပ်ပါနှင့်။
- မှန်ကန်သော စိတ်နေစိတ်ထားနှင့် ပတ်ဝန်းကျင်ရှိပါစေ။
- ကစားရင်းဖြင့် သင်ကြားပါ။
- လုပ်ရှားမှုအားလုံး ကြိုးပမ်းရန် မလိုအပ်ပါ။
- အချိန်တိကျပါစေ။
- နှစ်သက်၍ စိတ်လှုပ်ရှားရှိပါစေ။
- မြူးတူးပျော်ရွှင်ပါစေ။
- စိတ်ဓာတ်လှုံ့ဆော်မှု ရှိပါစေ။
- အောင်မြင်မှုဖြင့် အောင်မြင်မှုကို ပြုစုပျိုးထောင်ပေးပါ။

လောကကြီး၏ နယ်ပယ်အသီးသီးတို့တွင် အောင်မြင်မှု၏ သော့ချက်တစ်ခုမှာ အကောင်းမြင်သဘောထားပင်ဖြစ်သည်။

လူတိုင်း အမှားလုပ်တတ်ကြပါသည်။ ထိုအမှားများပေါ်မှ ပြန်လည် သင်ယူကြရပါမည်။ ကလေးတစ်ယောက်တွင်လည်း အကောင်းမြင်သဘောထား ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးရပါမည်။ သူ၏အမှားအတွက် တနုံ့နုံ့တွေးတော စိတ်ညှိုးငယ်မနေဘဲ ရှေ့သို့ဆက်လက်လျှောက်လှမ်းရန် အားပေးတိုက်တွန်းရမည်။

ကလေးအား သူပြုမိသောအမှားတွက် သူ့ကိုယ်သူ ခွင့်လွှတ်တတ်ရန် သင်ကြား

mgyoe.com

ပေးရမည်။ မိဘများသည်လည်း ထိုအမှားအပေါ် နားလည်မှုရှိပေးရမည်ဖြစ်ပြီး မိမိကလေး၏ အမှားအတွက် မိမိတို့ကိုယ်၌ အဖိစီးမခံရစေရန်လည်း ကြိုးပမ်းရမည်။ ထိုအကြောင်းကိုလည်း နားပူအောင် မပြောနေသင့်ပါ။

သို့ပါသော်လည်း အကယ်၍ ကလေးသည် ဆိုးသွမ်းပြီး စည်းကမ်းကို မလိုက်နာမနာခံသူဖြစ်ပါက အပြစ်ပေးရမည်ဖြစ်သည်။ သူ၏အမှားအတွက် သေသေချာချာ ရှင်းပြရမည်။ သို့သော် တစ်ဆက်တည်း ထိုအမှားသည် သူ့အတွက် သင်ခန်းစာတစ်ပုဒ်ဖြစ်သွားစေပြီး လုပ်စရာရှိတာကို ဆက်၍လုပ်သွားစေရမည်။

## အကောင်းမြင်သဘောထား၏ အကျိုးသက်ရောက်ပုံ

၁။ မိဘတစ်ဦးအနေဖြင့် မိမိကလေးများနှင့် အတူရှိနေစဉ် ၎င်းတို့အား မည်သည့်အခွင့်အလမ်းကိုမဆို သင်ကြားပေးရန် ချန်မထားသင့်ပေ။ အကယ်၍ ကလေးက မည်သည့်လုပ်ရှားမှုကိုမျှ မနှစ်သက်လျှင်မူ သင်က မဖြစ်မနေဆောင်ရွက်ရန် ဖိအားပေးရပေလိမ့်မည်။ သူတို့ စိတ်မဝင်စားလင့်ကစား လုပ်ကိုလုပ်ရမည်ဟုဆိုပါ။ အချိန်ကျလျှင် သူတို့ဆောင်ရွက်ခဲ့သော ထိုလှုပ်ရှားမှုမှ ရရှိသည့် အကျိုးကျေးဇူးကို သင်ခန်းစာတစ်ပုဒ်အဖြစ် သင်က သင်ကြားပေးလိုက်ပါ။

၂။ သင့်ကလေးနှင့်အတူ ရှိနေပေးရသည်ကို သင်ကိုယ်တိုင် သေချာနှစ်သက်ပါစေ။ ထူးခြားသော လှုပ်ရှားမှုများ ပြုလုပ်နေစဉ် ကလေး ပျော်ရွှင်နေပါစေ။ ဤအချက်သည် သင့်ကလေး၏ အပြုအမူများ၌ အကောင်းမြင်သဘောထား တစ်ခါတည်း စွဲမှတ်နာခံပြီး ဖြစ်ပါလိမ့်မည်။



mgyoe.com

mgyoe.com


၃။ မည်သည့်နေရာတွင်ဖြစ်စေ သင့်ကလေး ဝမ်းနည်းကြေကွဲမှု ခံစားရချိန်တွင် ခံနိုင်ရည်ရှိရှိဖြင့် အလုပ်ဆက်လုပ်နိုင်ရန် အားပေးရမည်။ စိတ်ဓာတ်ကျမသွားအောင် ဆွဲဆောင်ရမည်။

၄။ လုပ်ရှားမှုတိုင်း၌ သင့်ကလေးကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် သူတို့၏ စိတ်ပါဝင်စားမှုကို မြှင့်တင်အားပေးရမည်။ ဤအချက်သည် နောက်ထပ်လှုပ်ရှားမှုများ ဆောင်ရွက်ချင်လာအောင် သင့်ကလေးကို ကူညီပေးမည်ဖြစ်ပြီး သူ၏ မိမိကိုယ်မိမိ စိတ်ချယုံကြည်မှုကိုလည်း တည်ဆောက်ပေးရာရောက်ပေသည်။ သင်သည် ကလေး၏ အလုပ်အပေါ် ချီးမြှင့်မှုပြုပေးသင့်သကဲ့သို့ မှတ်ချက်ကောင်းပြုပေးခြင်းဖြင့် စိတ်အားတက်ကြွလာအောင် ဖန်တီးပေးသင့်သည်။

မိဘတစ်ဦးအနေဖြင့် သင့်ကလေးဆောင်ရွက်သော လှုပ်ရှားမှုအသီးသီးအပေါ် အားပေးတတ်ရန် လိုအပ်သကဲ့သို့ အကြောင်းအချက် အစုံအလင်ကိုလည်း ဖော်ထုတ်ပေးတတ်ရဦးမည်။ သူတို့အစပျိုးလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိလာရေးကိုလည်း ဖန်တီးပေးတတ်ရဦးမည်။ သူတို့ဆောင်ရွက်မှုအတွက် မေးခွန်းထုတ်ကာ အကောင်းမြင်သဘောထားကို စဉ်းစားစေတတ်အောင်လည်း ကူညီပေးတတ်ရဦးမည်။

ထိုအချက်များတို့သည် သင့်ကလေး၏ ရှေ့ဘဝခရီးလမ်းကို ကူညီခင်းကျင်းပေးရာရောက်ပြီး ကောင်းမွန်သော အနာဂတ်လူနေမှုဘဝကို တည်ဆောက်ပေးရာ အုတ်မြစ်များလည်း ဖြစ်ပေသည်။

❑

mgyoe.com

mgyoe.com

# လူမှုရေး ကျွမ်းကျင်မှု



အောင်မြင်သောအနာဂတ်အတွက် မိတ်ဆွေများဖြင့် ပူးပေါင်းဆောင် ရွက်တတ်သော အရည်အချင်းသည် လိုအပ်သော ဘဝရှင်သန်မှု အတတ်ပညာမျိုးပင်ဖြစ်သည်။ ယင်းမှာ ကွန်ပျူတာများ၊ ဗွီဒီယိုဂိမ်းများ၊ ရုပ်မြင်သံကြားများမှတစ်ဆင့် သင်ယူ၍ မရနိုင်သောပညာဖြစ်သည်။ သို့ဖြစ်ရာ ကလေးများ အိမ်တွင်းအောင်း၍ တီဗီဂိမ်းနှိပ်နေရုံ၊ ရုပ်မြင်သံကြားဇာတ်လမ်းများ ကြည့်နေရုံဖြင့် သူတို့၏လူမှုရေးကျွမ်းကျင်မှု အတတ်ပညာကို သင်ယူနိုင်စွမ်း ရှိမည်မဟုတ်ပေ။ သူတို့ အိမ်တွင်းမှထွက်ကာ အခြားသူများနှင့် ထိတွေ့ဆက်ဆံမှသာ ရရှိလာနိုင်မည့်ပညာဖြစ်သည်။

ကလေးတို့သည် များများအားစိုက်ထုတ်ရပြီး အများနှင့် ကစားရခြင်းကို သိပ်မကြိုက်ကြပေ။ သူတို့သည် မိဘများက လူမှုရေးအစုအဖွဲ့များ၊ ပါတီပွဲများသို့ ဆွဲခေါ်သွားခြင်းကို မနှစ်မြို့ကြပေ။ သူတို့သည် အခြားသူများနှင့် စကားပြောရန် ငြင်းဆန်လေ့ရှိကြပြီး

mgyoe.com